# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၂၅ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၆၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အောင်လံမြို့နှင့် သရက်မြို့ကို ဆက်သွယ်ပေးသော ရောဝတီတံတား (အောင်လံ - သရက်) တည်ဆောက်နေ စီးပွားစကြံလမ်းမပေါ် ဖြစ်၍ ဒေသတွင်းမှပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်

မကွေး ဇွန် ၂၄

ရောဝတီတံတား (အောင်လံ-သရက်) တည်ဆောက်ရေး စီမံကိန်းသည် မကွေးတိုင်းဒေသကြီး သရက်ခရိုင်၌ တည်ရှိပြီး အောင်လံမြို့နှင့် သရက်မြို့ကို ဆက်သွယ်ပေးသော တံတားဖြစ်သည်။ အဆိုပါတံတားကို ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၃) က တာဝန်ယူ၍ တည်ဆောက်လျက်ရှိပြီး ယခု တံတားတစ်စင်းလုံး၏ ၅၀ ရာခိုင်နှုန်း ပြီးနေပြီဖြစ်သည်ဟု သိရသည်။

တံတားဆိုင်ရာအချက်အလက်များမှ တည်နေရာသည် မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့တွင်ဖြစ်ပြီး တံတားအရှည်မှာ ၂၂၇၂ ဒသမ ၅ မီတာ ရှိသည်။ ပင်မတံတားအရှည် ၁၇၃၂ ဒသမ ၅ မီတာ၊ ချဉ်းကပ်တံတား သရက်ဘက်ကမ်းတွင် မီတာ ၃၀၀၊ အောင်လံဘက်ကမ်းတွင် မီတာ ၂၄၀ ရှိပြီး တံတားအကျယ် ၁၀ ဒသမ ၅ မီတာ၊ ကားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆



ရောဝတီတံတား (အောင်လံ-သရက်) တည်ဆောက်နေမှုကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ


**ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်**

ပြည်တွင်းသတင်း | စာ - ၃

**သန်လျင်မှ သီတာကုန်းပြင်ရှိရာကို**

ဆောင်းပါး | စာ - ၆

**ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ရွေးချယ်ကြရာတွင် . . .**

ဆောင်းပါး | စာ - ၁၀

**ဗီယင်နာမြို့သည် ကမ္ဘာ့နေထိုင်ရန် အသင့်တော်ဆုံးမြို့များ စာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်**



နိုင်ငံတကာသတင်း | စာ - ၁၃

# သွေးလွန်တုပ်ကွေး အဖြစ်များသည့်ရာသီ

ဒေသအနှံ့အပြားတွင် မိုးရွာသွန်းမှုများပြားလာသည်နှင့်အမျှ ခြင်များပေါက်ပွားမှုနှုန်းမြင့်မားလာပြီဖြစ်ရာ ခြင်ကြောင့် ဖြစ်ပွားသည့် ရောဂါဖြစ်သော သွေးလွန်တုပ်ကွေးရောဂါကိုလည်း သတိပြုကာကွယ်ကြရတော့မည်ဖြစ်သည်။ မိမိတို့ နိုင်ငံသည် သွေးလွန်တုပ်ကွေးအဖြစ်များသည့် နိုင်ငံများထဲတွင် ပါဝင်ပြီး နှစ်စဉ်ရောဂါကူးစက်ဖြစ်ပွားမှုနှင့် လူသေဆုံးမှုတို့လည်းရှိခဲ့သည်။ ယခုနှစ်တွင်လည်း ဇန်နဝါရီလမှစ၍ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု တစ်စတစ်စ များပြားလာခဲ့ရာ ဇွန်၊ ဇူလိုင် မိုးလများတွင် ရောဂါဖြစ်ပွားမှု ပို၍မြင့်မားလာနိုင်ကြောင်း ကျန်းမာရေးပညာရှင်များက ပြောကြားထားသည်။

သွေးလွန်တုပ်ကွေးသည် အသက် ၁၅ နှစ်အောက် ကလေးများတွင် အဖြစ်အများဆုံး ဖြစ်သော်လည်း အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သည့် ရောဂါ၊ မိုးရာသီတွင် အဖြစ်အများဆုံးဖြစ်သော်လည်း တစ်နှစ်ပတ်လုံး ကူးစက်နိုင်သည့် ရောဂါဖြစ်သည်။ ဒင်ဂီး ခေါ် ဗိုင်းရပ်စ်ပိုးကို သယ်ဆောင်သည့် ခြင်ကျားအကိုက်ခံရခြင်းမှ တစ်ဆင့် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသည်။ သွေးလွန်တုပ်ကွေးရောဂါတွင် အဆင့်သုံးဆင့်ရှိရာ ဒင်ဂီးအဖျား (Dengue Fever) အဆင့်တွင် ရုတ်တရက် အဖျားတက်လာခြင်း၊ ခေါင်းကိုက်ခြင်း၊ တစ်ကိုယ်လုံးကိုက်ခဲခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ မစားချင် မသောက်ချင်ခြင်း၊ တစ်ခါတစ်ရံတွင် ခန္ဓာကိုယ်၌ အစက်အပြောက်များ ပေါ်လာခြင်းတို့ ဖြစ်တတ်သည်။ သွေးလွန်တုပ်ကွေးရောဂါ(Dengue Haemorrhagic Fever)နှင့် သွေးလန့်ခြင်း (Dengue Shock Syndrome) အဆင့်တို့မှာမူ စိုးရိမ်ရပြီဖြစ်သည်။ ကော်ဖီမှုန့်ရောင်၊ အညိုရောင် အဖတ်အမျှင်ကလေးများပါသော အရည်များ အန်ခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ သွားဖုံးကြား သွေးထွက်ခြင်း၊ ခန္ဓာကိုယ်တွင် ထိခိုက်မိ၍ သွေးခြည်ဥသကဲ့သို့ အနီကွက်များ ပေါ်ထွက်လာခြင်း၊ ကိုယ်အပူချိန် ရုတ်တရက် ကျဆင်းသွားခြင်း(များသောအားဖြင့် စဖျားသည့်ရက်မှ သုံးရက်မြောက်နေ့တွင် ဖြစ်သည်။)၊ ရုတ်တရက် ဗိုက်အောင့်လာခြင်း၊ ဂနာမငြိမ် (သို့မဟုတ်) အရမ်းမှိန်းလာခြင်း၊ ခြေဖျားလက်ဖျားများ အလွန်အေးစက်ခြင်း၊ သွေးပေါင်အလွန်ကျဆင်းခြင်း (တိုင်းတာ၍ မရသည့် အခြေအနေအထိ ရောက်သွားနိုင်သည်)၊ အပေါ်သွေး အောက်သွေး ခြားနားချက် ၂၀ မီလီမီတာမာကျူရီ သို့မဟုတ် ထို့ထက်နည်းခြင်း၊ အစာနှင့်ရေတို့ မဝင်နိုင်လောက်အောင် အဆက်မပြတ် အန်ခြင်းတို့ဖြစ်သည်။ ကလေးကိုယ်အပူချိန် ကျဆင်းသွား၍ မှိန်းနေ/အိပ်နေလျှင် အန္တရာယ်ရှိသည့်အခြေအနေ ဖြစ်သည်။ စိုးရိမ်ရဖွယ် လက္ခဏာတစ်ခုခု တွေ့ရပါက နီးစပ်ရာ ဆေးရုံ ဆေးခန်းသို့ ချက်ချင်းပြသကြရမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် အလွယ်ဆုံး၊ အထိရောက်ဆုံးနည်းလမ်းမှာ ခြင်ကိုက်မခံရရေး၊ ခြင်နှိမ်နင်းရေးပင်ဖြစ်သည်။ ခြင်ကျားသည် နေ့ဘက်တွင်ကိုက်သောခြင်ဖြစ်ပြီး ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ဖြစ်သည်။ ကလေးများကို အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်များ ဝတ်ဆင်ပေးခြင်း၊ ခြင်မကိုက်ဆေးလိမ်းပေးခြင်း၊ ခြင်ထောင် ထောင်၍ သိပ်ခြင်း စသည်တို့ဖြင့် ခြင်ကိုက်မခံရအောင် ဂရုစိုက်ရန်၊ ခြင်ပေါက်ပွားနိုင်သည့် ရေပုံး၊ ရေခွက်၊ ရေအိုင်များကို ရှင်းလင်းရန်၊ ပိုးလောက်လမ်းများ မပေါက်စေရန် ဖုံး-သွန်-လဲ-စစ် လုပ်ငန်းများ ပြုလုပ်ရန်နှင့် ပိုးလောက်လမ်း ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို တညီတညွတ်တည်း စုပေါင်းပြုလုပ်ကြခြင်းဖြင့် သွေးလွန်တုပ်ကွေးအန္တရာယ် ကာကွယ်နိုင်ကြပါစေကြောင်း။ ။

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ "စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## အမြန်အလင်းရပါစေ

- လူငယ့်အားမာန် ၊ မိုးသို့ပျံမည် အမှန်လမ်းသာ ရောက်ပါစေ...။
- လူငယ့်စိတ်ဓာတ် ၊ အလွန်ပြတ်သည် မတ်မတ်တည့်တည့် လျှောက်ပါစေ...။
- လူငယ်သဘော ၊ စောကြောဝေဖန် အမှန်ထင်က ၊ စိတ်ကနုနု ပြုတတ်လွယ်စွ ၊ ယုံတတ်ကြလို့ ဘဝနဲ့ရင်း ၊ မှားမကင်းဘဲ လမ်းလွဲကိုရောက် ၊ ပန်းတိုင်ပျောက်၏။
- စိတ်နောက်ကိုယ်ပါ ၊ မပြုရာမို့ လိမ်ညာလှည့်ဖြား ၊ ပိုင်းဆစ်ခြားလို့ စိတ်ထားတည်ကြည် ရှင်ကြည်နှလုံး ၊ ဉာဏ်ချင့်သုံး၍ အပြုံးဝေဆာ ဖူးပါစေ...။
- ဘဝနဲ့ရင်း ၊ အမှားကင်းမှ လူချင်းတူတူ အေးပူတူအမျှ ခံစားရလိမ့် ၊ မုချလိုက်နာ ဆိုင်ရာဥပဒေ ၊ လိုက်ညီထွေဖြင့် နေထိုင်ကြရင်း ၊ ကောင်းသတင်းတို့ ထုံသင်းနိုင်ကြပါစေသတည်း...။ ။

**ဘိုမျိုး(ရွှေဘို)**

## တာမိုးညဲမြို့၌ လက်ဖက်ခြောက်စက်ရုံ အဆောက်အအုံအုတ်မြစ်ချပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပ

**တာမိုးညဲ ဇွန် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း တာမိုးညဲမြို့တွင် လက်ဖက်ခြောက်စက်ရုံ တည်ဆောက်ရန်အတွက် အုတ်မြစ်ချပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဌေးက အမှာစကားပြောကြားပြီး မုန်းဝန်းဗမာယဉ်ကျေးမှု ဒုတိယဥက္ကဋ္ဌ ဦးသီဟလွင်က လက်ဖက်ခြောက်စက်ရုံ တည်ဆောက်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားရာ တာမိုးညဲဒေသတွင် ယခင်ကတည်းကပင် ဘိန်း လုံးဝ ပပျောက်စေရန်အတွက် ဘိန်းအစားထိုးသီးနှံအဖြစ် ဝူးလုံလက်ဖက်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါတွင် ဒေသတွင်း စိုက်ပျိုးထားသော လက်ဖက်များကို အရည်အသွေးကောင်းမွန်စွာ အဆင့်မြင့်မြင့် ထုတ်လုပ်နိုင်ရန်နှင့် ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးခြင်း၊ဒေသအတွင်း လက်ဖက်စိုက်ပျိုးသူများအတွက် ဝင်ငွေရရှိစေခြင်း၊ အရည်အသွေး ကောင်းမွန်သော လက်ဖက်ခြောက်များကို ထုတ်လုပ်နိုင်ခြင်း၊ ဝင်ငွေတိုးစေခြင်းအားဖြင့် နိုင်ငံတော်အတွက် ဝင်ငွေ အခွန်အခများ ရရှိစေခြင်း စသောအကျိုးကျေးဇူးများရရှိစေမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ လက်ဖက်ခြောက် စက်ရုံ တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏအနေဖြင့် စုစုပေါင်းငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်ခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ အခမ်းအနားသို့ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြောင်း သိရသည်။

**အယ်လ်စိုး(တာမိုးညဲ)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်


**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မှတ်သုံလေ အားနည်းနေမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

## ရှေ့ဆက်လုပ်ဆောင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ဆောင်ရွက်နေမှုနှင့် ရပ်တည်မှုကို ဖော်ပြဆွေးနွေးနိုင်ခဲ့



ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၂ ရက်တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (16th ADMM) သို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ တက်ရောက်ကြသည်။

### စတင်ဖွင့်လှစ်

အစည်းအဝေး မစတင်မီ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကာကွယ်ရေး ဝန်ကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့သည် အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြပြီး ၂၀၂၂ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တီးဘန်း (General Tea Banh) က အဖွင့်အမှာစကား ပြောကြား၍ အစည်းအဝေးကို စတင်ဖွင့်လှစ်သည်။

ထို့နောက် အစည်းအဝေး အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ အဆိုပြုတင်သွင်းသည့် သဘောထားအမြင်စာတမ်းများ ဖြစ်သည့် နယ်စပ်ဖြတ်ကျော် ကမ္ဘာ့ ကပ်ရောဂါထိန်းချုပ်ရေးတွင် အာဆီယံ ကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်မှုဆိုင်ရာ သဘောထားအမြင် စာတမ်း၊ အာဆီယံငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ အမျိုးသမီးတပ်ဖွဲ့ဝင်များအတွက် ကူညီထောက်ပံ့ရေး လုပ်ငန်းစဉ် မြှင့်တင်ခြင်းဆိုင်ရာ သဘောထားအမြင် စာတမ်းနှင့် အာဆီယံ ကာကွယ်ရေးဆိုင်ရာ ပညာရေးကျောင်းများ၏ ပူးပေါင်းဆောင်ရွက်မှု ထူထောင်ခြင်းဆိုင်ရာ သဘောထားအမြင် စာတမ်းနှင့် စင်ကာပူနိုင်ငံမှ အဆိုပြုတင်သွင်းသည့် အာဆီယံကာကွယ်ရေး ဝန်ကြီးများ အစည်းအဝေး အောက်ရှိ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် ဗဟိုဌာန ဆိုင်ရာ ရည်ညွှန်းကိုးကားစာစောင်များကို သဘောတူအတည်ပြုကြသည်။

ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံမှ အဆိုပြုတင်သွင်းသည့် အရှေ့တောင် အာရှပင်လယ်ရေကြောင်း တရားဥပဒေစိုးမိုးရေးနှင့် အာဆီယံ အပေါင်း ကာကွယ်ရေးဝန်ကြီးများ၏ ပင်လယ်ရေကြောင်း လုံခြုံရေး နယ်ပယ်တို့အကြား သတင်း အချက်အလက်မျှဝေမှု မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးမှုစာတမ်းနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တိုးမြှင့်ရန် စစ်သမိုင်းကို ပုံဖော်ဆောင်ရွက်မှုပြုခြင်း ဆွေးနွေးမှု စာတမ်းတို့ကိုလည်း အသိအမှတ်ပြုကြသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက ကမ္ဘောဒီးယားနိုင်ငံက အဆိုပြုတင်သွင်းသည့် ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုသည့် ကာကွယ်ရေးကဏ္ဍ၏ အခန်းကဏ္ဍဆိုင်ရာ ဖနောင်ပင်အမြင်အား အတည်ပြုခြင်းနှင့် ဟန်ချက်ညီ လုံခြုံရေးအတွက် ပေါင်းစည်းညီညွတ်မှု ခိုင်မာစေမည့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံ ကာကွယ်ရေးဝန်ကြီးများ၏ ပူးတွဲထုတ်ပြန်ကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့ကြပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။

အစည်းအဝေး အပြီးတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကာကွယ်ရေး ဝန်ကြီးများသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်အား ဖနောင်ပင်မြို့ရှိ ငြိမ်းချမ်းရေးနန်းတော်တွင် သွားရောက်တွေ့ဆုံ ဂါဝရပြုကြသည်။




(၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (16th ADMM) မစတင်မီ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေး ဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့နောက် ဆက်စပ်အစည်းအဝေးများအနေဖြင့် အာဆီယံ-ဂျပန် ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေး၊ အာဆီယံ-တရုတ် ကာကွယ်ရေး ဝန်ကြီးများ အလွတ်သဘော ရုပ်သံ အစည်းအဝေးများကို ဆက်လက်ကျင်းပပြီး တရုတ် ပြည်သူ့သမ္မတနိုင်ငံ ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး ဝေဖုန်းဟေ (We Fenghe)၊ ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီး ကီရှိနိုဘူ (KISHI Nobuo)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးများ တက်ရောက်ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်၍ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ မိသားစုဝင်များ၊ ကမ္ဘောဒီးယားနိုင်ငံတွင် ခမာဘာသာစကား သင်တန်း တက်ရောက်နေသည့် မြန်မာ သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

### ပြန်လည်ရောက်ရှိ

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်သူရလှမင်းနှင့် ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ည ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ (၁၆) ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ပါဝင်ဆွေးနွေးခဲ့ရာတွင် မြန်မာနိုင်ငံနှင့် တပ်မတော်၏ သဘောထားရပ်တည်မှုနှင့် အကောင်အထည်ဖော်နေမှုများ၊ အာဆီယံဒေသတွင်း ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဖော်ဆောင်မှုကိစ္စရပ်များ၊ ရှေ့ဆက်လုပ်ဆောင်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုနှင့် ရပ်တည်မှုကို ဖော်ပြ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒေသတွင်း ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အမြင်များကို ပူးပေါင်းဖလှယ်ခွင့်နှင့် ဆွေးနွေးခွင့်များရရှိစေပြီး အခြားအာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခြင်းတို့ကို ဖော်ဆောင်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




အာဆီယံ-ဂျပန် ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးကျင်းပစဉ်။

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

**နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီ တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ် (၉) သုံးထပ် ဆောင်အနောက်ဘက်နှင့် ငလိုက်ချောင်းဘေးမြေကွက်လပ်၌ ကျင်းပသည်။**

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများက ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ အသီးသီးတွင် ရတနာကျွန်းပင် ၃၈၂ ပင်၊ အုန်းချိုမွှေး အပင် ၁၂၀၊ စိန်တလုံးသရက် အပင် ၅၀ စုစုပေါင်းအပင် ၅၅၂ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းများ သစ်ပင်ပျိုးပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးကိုကိုလှိုင်တို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာများတွင် ရတနာကျွန်းပင်များ စိုက်ပျိုးပေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှေးဟောင်းသမိုင်းဝင် ဝဇီရာရုပ်ရှင်ရုံ ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၂၄**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ဦးဌေးအောင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်း လမ်းရှိ ရှေးဟောင်းသမိုင်းဝင် ဝဇီရာရုပ်ရှင်ရုံအား ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝဇီရာရုပ်ရှင်ရုံကို ဂုဏ်ပြုခံ ကဇာတ်ရုံ (Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရုပ်ရှင်သမိုင်းတွင် အရေးပါသည့် ရှေးဟောင်းသမိုင်းဝင် ရုပ်ရှင်ရုံကြီးအား အဆင့်မြှင့်တင် ပြင်ဆင်ထိန်းသိမ်းခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကြီးသည် ၁၉၂၀ ပြည့်နှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ ရှေးအကျဆုံး ရုပ်ရှင်ပြဇာတ်ရုံကြီးတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ရှေးဟောင်း ရုပ်ရှင်ရုံကြီးများကို တန်ဖိုးထားထိန်းသိမ်းကာ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာဖန်တီးမှုများကို စီစဉ်ပြသလျက် ရှိကြပါကြောင်း၊ ရုပ်ရှင်ရုံကြီးကို ပြင်ဆင်ရာတွင် သာမန် အဆောက်အအုံတစ်ခု ပြင်ဆင်ထိန်းသိမ်းသည့် ပုံစံမျိုးဖြင့် ဆောင်ရွက်၍ မရဘဲ ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအတိုင်း စနစ်တကျ ပြင်ဆင်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကြီး ပြင်ဆင်ထိန်းသိမ်းပြီးပါက စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် နယ်ပယ်အသီးသီးမှ ပွဲလမ်းသဘင်များကို စီစဉ်ကျင်းပနိုင်တော့မည် ဖြစ်ပါကြောင်း၊ ရှေးဟောင်းသမိုင်းဝင် ရုပ်ရှင်ရုံကြီးဖြစ်သဖြင့် ခင်းကျင်းပြသမှုအပိုင်း၊ ဖျော်ဖြေတင်ဆက်မှုအပိုင်းများတွင် အဆင့်အတန်းမြင့်မြင့် ဆောင်ရွက်ကြစေ လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ အဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးမြင့်အောင်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ပြန်ကြားရေးမှူး ဒေါ်ပတ္တမြားကေခိုင်နှင့် တာဝန်ရှိသူများက အကြံပြု တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားပြီး ဝဇီရာရုပ်ရှင်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဝဇီရာရုပ်ရှင်ရုံကို ၁၉၂၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ကာ မြန်မာနိုင်ငံ၌ ရှေးအကျဆုံး ရုပ်ရှင်ပြဇာတ်ရုံဖြစ်ပြီး မူလနာမည်မှာ Excelsior (အိတ်ဆဲစီယာရုံ) ဖြစ်သည်။ ၁၉၄၂ ခုနှစ်တွင် "အေဝမ်းရုပ်ရှင်ရုံ" ဟူ၍လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် "ဝဇီရာ" ဟူ၍လည်းကောင်း အမည်ပြောင်းခဲ့ပြီး ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်း လမ်းမပေါ်တွင် အလျား ၁၁၅ ပေခန့်၊ အနံပေ ၁၄၀ ခန့်ဖြင့် တည်ဆောက်ထားရှိသည်။

ဝဇီရာ ရုပ်ရှင်ရုံသည် ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာ အသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံဖြစ်ပြီး ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထားသည်။ ယခုအခါ ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးပွဲများ ကျင်းပနိုင်ပြီး သင်တန်းကျောင်း၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့် နေရာအဖြစ်လည်းကောင်း၊ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှင့်ပတ်သက်သည့် အမှတ်တရပွဲများ၊ Memory Film Festival ကဲ့သို့ ပွဲတော်များ ကျင်းပရန်နေရာအဖြစ်လည်းကောင်း လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြည်ပခရီးသွားဧည့်သည်များ၊ ရှေးဟောင်းအမွေအနှစ် ပြတိုက်တစ်ခုအဖြစ်လည်းပတ်ရန် နေရာတစ်ခုအဖြစ် ဖန်တီး၍ စနေ၊ တနင်္ဂနွေနေ့များတွင် ရှေးဟောင်းဇာတ်ကားများ ပြသခြင်း၊ ရုပ်သေးပွဲများ ပြသခြင်း၊ ရုပ်ရှင်နှင့်ပတ်သက်သည့် ပြခန်းများ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**



◆ *ရှေ့ဖုံးမှ*

လူသွားလမ်းအကျယ် တစ်ဖက်လျှင် တစ်မီတာ၊ ရေလမ်းကင်းလွတ်အကျယ် မီတာ ၁၃၀ ၊ ရေလမ်းကင်းလွတ်အမြင့် ၁၆ မီတာ (နဝဒေးတံတား၊ ရောဝတီတံတား (မလွန်) တို့နှင့် ရေလမ်းကင်းလွတ် အမြင့်ချင်းတူပါသည်။) တံတားခံနိုင်ဝန် AASHTO HS 25/HL 93 Loading ချဉ်းကပ်လမ်း (သရက်) ၃ ဒသမ ၆၇၅ ကီလိုမီတာ၊ (အောင်လံ) မီတာ ၁၃၀ ခန့်မှန်းခြေတန်ဖိုးငွေကျပ် ၉၈၀၀၀ သန်းဖြစ်ပြီး တံတားစီမံကိန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ရန်ပုံငွေစုစုပေါင်း ငွေကျပ် ၃၅၉၉၂ သန်းရှိပြီး ယခုနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပင်မတံတားသံပေါင် ၁၂ ခန်း ၊ အနက် လေးခန်းစာကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက နေပြည်တော်တွင် တင်ဒါစနစ်ဖြင့် ဝယ်ယူ၍ ဘဏ္ဍာရေးနှစ်ကုန်ပိုင်းတွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နိုင်ပြီဟုသိရပြီး တံတား ကြီးကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခန့်တွင် အပြီးဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သိရသည်။

တံတားကြီး တည်ဆောက်ပြီးစီးသွားပါက သရက်မြို့နှင့် အောင်လံမြို့တို့ အသွားအလာတွင် ဇက်ရေယာဉ်ကို စောင့်ဆိုင်းသွားလာစရာမလိုတော့ဘဲ နေ့ညအချိန်မရွေး အချိန်တိုတိုအတွင်း ဖြတ်သန်းသွားရောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် ရခိုင်ပြည်နယ် ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ သရက်-အောင်လံ-နေပြည်တော်သို့ ဖြတ်သန်းပြီး တရုတ်နိုင်ငံ ရွှေလီမြို့ အထိ ဆက်သွယ်နိုင်သော စီးပွားရေးစင်္ကြံလမ်းမကြီး ပေါ်တွင် ရောက်ရှိသွားမည်ဖြစ်သဖြင့် ဒေသတွင်း စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ **ခရမ်းစိုးမြင့်**



၂၀၂၂ ခုနှစ် မိုးရာသီတိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အရ နေဗီယာမြက် စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇွန် ၂၃ ရက်က ဒက္ခိဏသီရိမြို့နယ် ကျောက်ခဲအင်းကျေးရွာရှိ တောင်သူဦးထိန်လင်း၏ ယာမြေတစ်ကေ၌ ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာထက်မမဖြိုးနှင့် ဝန်ထမ်းများ ပါဝင်စိုက်ပျိုးပေးစဉ်။ **ခရိုင်(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်




**နေပြည်တော် ဇွန် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများနှင့် ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မနိုးမွန်မွန်အောင် **(အပေါ်ယာပုံ)** နှင့် အောင်ချက်အကောင်းဆုံး လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း သုံးကျောင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး က ငါးဘာသာဂုဏ်ထူးရှင် လေးဦးနှင့် ရာနှုန်းပြည့်အောင်မြင်သည့် အထူးဆုရ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း တစ်ကျောင်းတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး၏ ဇနီးက အောင်ချက် ၇၀ ရာခိုင်နှုန်းအထက် အောင်မြင်သော လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ငါးကျောင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် လေးဦးတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး၏ ဇနီးက သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဇနီးက သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦးတို့ကို လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးက သုံးဘာသာ ဂုဏ်ထူးရှင် ၁၄ ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မနိုးမွန်မွန်အောင်က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ ဆုရ ကျောင်းသား ကျောင်းသူများသည် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းအုပ်များ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်၊ ကောလိပ်များ၌ တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသားသမီး ၁၈၀၊ အခြေခံပညာကျောင်းများတွင် တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသားသမီး ၁၂၉၇ ဦး စုစုပေါင်း ၁၄၇၇ ဦးတို့အတွက်အတန်းလိုက်ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၂၄ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၃၅၀ တို့ကို ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ၉၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် ပထမဆုရ တီးတိန်လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ အောင်ချက် ၉၀ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဒုတိယဆုရ ပင်းတယလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၈၈ ရာခိုင်နှုန်းဖြင့် တတိယဆုရ မအူပင် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အထူးဆုရ ကြာအင်းဆိပ်ကြီး လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၇၀ ရာခိုင်နှုန်း အထက်ရရှိခဲ့သော နန်းယွန်း၊ ပခုက္ကူ၊ လားရှိုး၊ ဆိုက်ခေါင်နှင့် ဘိုကလေး လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ငါးကျောင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဘက်စုံသုံးခန်းမဖွင့်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ဘက်စုံသုံးခန်းမဖွင့်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်မြို့နယ်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၌ ကျင်းပသည်။

ဦးစွာ ဘက်စုံသုံးခန်းမဆောင်သစ်ကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှမိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး သယံဇာတနှင့် စီးပွားရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဘက်စုံသုံးခန်းမကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ဖွင့်ပွဲအထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် လူမှုဆန်းသစ်တီထွင်မှုအထောက်အကူပြုယူနစ်၏ ထုတ်ကုန်နမူနာများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရန် လူမှုစီးပွားရေးဆိုင်ရာပညာရပ်များကို ကြိုးပမ်းသင်ယူလေ့လာကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။

ယင်းနောက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ် ပါမောက္ခချုပ်က ဘက်စုံသုံးခန်းမ တည်ဆောက်ခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ အနက် ဘာသာတွဲအလိုက် အမှတ်အများဆုံး ရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စု ရွှေခတ်သစ်ခန်းမတွင် ကျေးရွာအုပ်စုနှင့် ရင်းတိုက်ကွင်းကျေးရွာအုပ်စု အတွင်းရှိ စပါး/ပဲစိုက် တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဂေါ့ကျေးရွာအုပ်စုရှိ စိုက်ဧက ၂၉၇၉ ဧကတွင် တောင်သူ ၂၆၇ ဦးအနက် ပဲပုပ်စိုက်ပျိုးမည့် သူများကို စုစည်း၍ သမဝါယမအသင်း ဖွဲ့စည်းပြီး တောင်သူများသို့ ပဲပုပ်မျိုးစေ့နှင့် လိုအပ်သည့် မတည်ရင်းနှီးမှုများ ထုတ်ပေးခြင်း၊ ထွက်ရှိလာသည့် ပဲပုပ်များကို ဒေသပေါက်ဈေးဖြင့် ရွှေဥက္ကံ့ အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ ဝယ်ယူပေးခြင်းကို သမဝါယမကန်ထရိုက် လယ်ယာစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရွှေဥက္ကံ့ အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ လှိုင်မြစ်အရှေ့ဘက်ကမ်းတွင် ပဲပုပ်ဆီစက် တည်ထောင်ပြီး ပဲပုပ်များကို ဝယ်ယူ၍ ဆီကြိတ်ခွဲရောင်းချသွားမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရာသီတွင်လည်း အောင်သစ္စာခိုင်ကုမ္ပဏီက သမဝါယမကန်ထရိုက် လယ်ယာစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် စပါး၊ ပဲပုပ်စိုက်တောင်သူများနှင့် ရင်းတိုက်ကွင်းကျေးရွာ အုပ်စုတွင်းရှိ ကောင်းသန့်အောင် မျိုးစေ့ထုတ် သမဝါယမအသင်းက ဆောင်ရွက်လိုသည့်အချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေါမြို့နယ်၌ တိရစ္ဆာန်အစာပင် နေဗီယာမြက်စိုက်ပျိုးခြင်းသရုပ်ပြ



**ဝေါ ဇွန် ၂၄**

၂၀၂၂ ခုနှစ် မိုးရာသီတိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အရ နေဗီယာမြက် စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယမန်နေ့က ပဲခူးခရိုင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာရှိ တောင်သူ ဦးငယ်လေး၏ လယ်မြေတစ်ကေ၌ ကျင်းပသည်။

ထိုသို့စိုက်ပျိုးခြင်းသရုပ်ပြရာတွင် ဝေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမော်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံတိရစ္ဆာန်ကျန်းမာရေး လုပ်သားများနှင့် ကျေးရွာပြည်သူများက တက်ရောက်ပါဝင် စိုက်ပျိုးပေးသည်။ တိရစ္ဆာန်အစာပင် နေဗီယာမြက်ကို နွေရာသီ အစာရှားပါးသည့်အချိန် တွင် ကျွဲ၊ နွား၊ တိရစ္ဆာန်များ အစာအာဟာရ လုံလောက်စေရန်၊ လွတ်ကျောင်းစရာ မလိုဘဲ ခြံလှောင်မွေးမြူပြီး ရိတ်ကျွေးနိုင်သောစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်စေရန် ရည်ရွယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# သန်လျင်မှ သီတာကုန်းပြင်ရှိရာကို

မြင့်စိုး(နတလ)

**သန်လျင်ကို လူတိုင်း သိကြသည်၊ သီတာကုန်းပြင်ဆိုတာကိုတော့ လူတိုင်းသိကြလိမ့်မည် မဟုတ်ပါ။ သန်လျင်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တည်ရှိနေသော မြို့လေးတစ်မြို့၊ ကျောက်တန်းရေလယ်ဘုရား၊ ကျိုက်ခေါက်စေတီတို့နှင့်တွဲ၍ ထင်ရှားခဲ့သည်။ သီတာကုန်းပြင်ဆိုတာကတော့ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အတွင်းရှိ ကျေးရွာတစ်ရွာ၊ သည်မြို့နှင့်သည်ရွာကို ဝိဂြိုဟ်ပြုနေရခြင်းမှာ သန်လျင်မှာအစပြု၍ သီတာကုန်းပြင်မှာ နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့သော ဇာတ်လမ်းအကြောင်းအရာ တစ်ခုကို ကျွန်တော့်ဆောင်းပါးအဆုံးမှာ ပြောပြလို၍ ဖြစ်ပါသည်။ ယခုတစ်ခေါက် ခရီးစဉ်မှာ နေပြည်တော်မှ ရန်ကုန်၊ ထိုမှ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတနှင့် အင်္ဂပူမြို့နယ်များ၊ အင်္ဂပူမှ လေးမျက်နှာ၊ ပြီးလျှင် ရေကြည်မြို့နယ်ထဲက သီတာကုန်းပြင်ရွာကြီးကို ခဏဝင်ပြီး ပုသိမ်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ခြင်းဖြစ်၏။ ကျွန်တော်နှင့် အတူ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်ဝင်းကြည်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်တို့ လိုက်ပါလာခဲ့ကြသည်။**



သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဘက်စုံသုံးခန်းမဆောင်ကြီးရှေ့၌ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။

**သမဝါယမနှင့်**
**စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)**

ယင်းတက္ကသိုလ်သို့ ကျွန်တော် သွားချင်သည့်ဆန္ဒ ဖြစ်ပေါ်နေသည်မှာ တော်တော်ကြာပေပြီ။ အကြောင်းမညီ ညွတ်၍ မရောက်ခဲ့။ ပြီးခဲ့သည့် ဇွန်လ ၁၄ ရက်ကမူ ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ်နှင့်အတူ ရောက်ခွင့်ကြုံခဲ့ပါပြီ။ တက္ကသိုလ်ကျောင်းဝင်းထဲသို့ ခြေချလိုက်သည်နှင့် ပထမဆုံးမြင်တွေ့လိုက်ရသည်က ခံ့ညားထည်ဝါလှပသော ဘက်စုံသုံးခန်းမ (Multipurpose Hall) ကြီး ဖြစ်ပါသည်။ ခန်းမကြီးရှေ့မှာ ကျွန်တော်တို့ အမှတ်တရဓာတ်ပုံ ရိုက်ခဲ့ကြ၏။ ပြီးလျှင် ထိုခန်းမကြီးထဲမှာပင် ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကထိက၊ နည်းပြဆရာ ဆရာမများအား တွေ့ဆုံ နှုတ်ဆက်ခဲ့သည်။ ကျောင်းသား ကျောင်းသူများအား မေတ္တာ၊ ကရုဏာ စေတနာထား၍ သင်ကြားပေးရေး၊ Guardian စနစ်ဖြင့် ကူညီစောင့်ရှောက်မှုများပေးကြရေး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ကြံလိုက်နာနေထိုင်ပြီး တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်သွားကြရေး တိုက်တွန်းမှာကြားခဲ့ပါသည်။ ပြီးလျှင် ပထမနှစ် (ပထမ နှစ်ဝက်) ကျောင်းသား ကျောင်းသူများ၊ ပထမနှစ် (ဒုတိယနှစ်ဝက်) ကျောင်းသား ကျောင်းသူများ၊ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများကို လိုက်လံနှုတ်ဆက်အားပေး ဂုဏ်ပြုစကားများ ပြောကြားခဲ့၏။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ သုတေသနစာတမ်းများ ပြုစုဆောင်ရွက်မှုအခြေအနေကို စိတ်ဝင်တစား မေးမြန်းခဲ့မိသည်။ ယင်းတက္ကသိုလ်အနေဖြင့် သုတေသနစာတမ်းဖတ်ပွဲကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ပြည့်နှစ်များတွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ (Myanmar Universities' Research Conference–MURC) ၌ စီးပွားရေးပညာရပ်ဆိုင်ရာ သုတေသနစာတမ်း ရှစ်စောင် ဖတ်ကြားတင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ သုတေသနလုပ်ငန်းပေါင်း ၁၃ ခုရှိပါသည်။ ၂၀၂၀ ပြည့်နှစ် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ (MURC, 2020) တွင် သမဝါယမပညာဌာနမှ လက်ထောက်ကထိက ဒေါ်ငြိမ်းထက်အေး သည် စီးပွားရေးဆိုင်ရာဘာသာရပ်၌ အကောင်းဆုံးစာတမ်း ဒုတိယဆုရရှိခဲ့ကြောင်းလည်း သိခွင့်ရခဲ့သည်။ အညာဒေသ ထန်းတောင်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာတင်ပြထားသော စာတမ်း တစ်စောင်ဖြစ်ပါသည်။ ရှေးယခင်က ထန်းထွက်ပစ္စည်းအနေဖြင့် ထန်းလျက်ခဲ ထုတ်လုပ်မှုတစ်မျိုးသာ ရှိသဖြင့် ထန်းပင်များကို ခုတ်လှဲရောင်းချကြရာ ထန်းပင်များ လျော့နည်းပျောက်ကွယ်လာခြင်း၊ ထန်းလျက်ထုတ်လုပ်မှုနည်းပါးလာခြင်းများ ကြုံတွေ့လာရသည်။ ယင်းပြဿနာကို ဖြေရှင်းရန် ရေစကြိုမြို့နယ်ရှိ 555 ရွှေဟင်္သာကုမ္ပဏီက ထန်းလျက်မှုန့်ကို တန်ဖိုးမြင့်ထုတ်ကုန် (Value Added) အဖြစ် ဆန်းသစ်ထုတ်လုပ်ပြီး အချိုမှုန့်အစားထိုး၊ သကြားအစားထိုး အသုံးပြုလာနိုင်ခြင်းကို သုတေသနစာတမ်း ဖတ်ကြားတင်သွင်းခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

**ဟင်္သာတမှတစ်ဆင့် အင်္ဂပူမြို့နယ်သို့**

ရန်ကုန်မှ ဟင်္သာတသို့ မော်တော်ယာဉ်များနှင့်အသွား၊ ဇလွန်မြို့ကို ဖြတ်ခဲ့သော်လည်း ပြည်တော်ပြန်ဘုရားကြီးအား ဝင်ရောက်ဖူးမြော်ရန် အခွင့်မသာသဖြင့် အဝေးမှပင် လက်အုပ်ချီခဲ့ရသည်။ ဟင်္သာတတွင်မူ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဝန်ထမ်းများကိုပါ စုစည်း၍ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထိုမှတစ်ဆင့် အင်္ဂပူမြို့နယ်ထဲရှိ ရွှေတောင်စုခေတ်မီစံပြကျေးရွာ (SMART Village) သို့ ခရီးဆက်ခဲ့ကြပါသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ခေတ်မီစံပြကျေးရွာ (SMART Village) ၄၂ ရွာ တည်ထောင်ပေးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးတွင် အင်္ဂပူမြို့နယ်ထဲက ရွှေတောင်စုကျေးရွာ၊ ဘိုကလေးမြို့နယ်ထဲက ငွေတောင်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်ထဲက အနောက်စုကြီးကျေးရွာများ ပါဝင်ပါသည်။ ရွှေတောင်စုရွာအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးကြပြီးနောက် ယင်းရွာတွင် ဖွဲ့စည်းပေးထားပြီးဖြစ်သော ရွှေလဝန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၊ အသင်းသားများအား ချေးငွေများ ထောက်ပံ့ပေးအပ်ခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွှေတောင်စုခေတ်မီစံပြကျေးရွာသို့ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရန် ကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ ရွှေတောင်စုကျေးရွာသို့ ရောက်ရှိစဉ် ရွာထိပ်၌ သစ်ပင်စိုက်ပွဲတော် ကျင်းပပြုလုပ်ခဲ့ရာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

**လေးမျက်နှာကို ဝင်ခဲ့သည်**

အင်္ဂပူမြို့ထဲသို့ မရောက်ခဲ့ပါ။ ရွှေတောင်စုကျေးရွာသည် အင်္ဂပူမြို့၏ တောင်ဘက်တွင် တည်ရှိနေပါသည်။ ဆုံကုန်းတံတားကြီးနှင့်လည်း မဝေးလှ၊ ဆုံကုန်းတံတားကြီးကတော့ ဒုတိယကမ္ဘာစစ်ကတည်းက ထိုဒေသတွင် နာမည်ကျော်ကြား ထင်ရှားခဲ့သော တံတားကြီး တစ်စင်းဖြစ်၏။ ရှေးဟောင်းတံတားကြီးဖြစ်၍ ကြမ်းခင်းများ ပျက်စီးနေသည်ကို ယခင်တစ်ခေါက် ရောက်စဉ်က တွေ့မြင်ခဲ့ရ၏။ ယခုအခါ ကြမ်းခင်းများ ပြန်လည်ပြင်ဆင်နေပြီး လက်ရန်းသံတန်းများလည်း အသစ်ပြုလုပ်နေသည်ကို တွေ့ရသည်။ ထိုတံတားကြီးသည်လည်း ရှေးနှစ်ပေါင်းများစွာကပင် အင်္ဂပူ၊ ဓနုဖြူ၊ ဟင်္သာတ ဒေသရှိ ပြည်သူများ သွားလာရေးနှင့် ကုန်သန်းရောင်းဝယ်ရေး လုပ်ငန်းများကို များစွာအထောက်အကူပြုခဲ့သည့် ကား၊ ရထားကူးတံတားကြီး ဖြစ်ခဲ့သည်။ ဟင်္သာတ-ကြံခင်း ရထားလမ်းပေါ်တွင် တည်ရှိနေပါသည်။

အင်္ဂပူမှ အပြန်ခရီးတွင် တလုတ္တေ်ာလမ်းခွဲမှ ချိုး၍ လေးမျက်နှာမြို့လေးရှိရာကို ခရီးဆက်ခဲ့ကြသည်။ လေးမျက်နှာမြို့လေးသည် ကျွန်တော် အထက်တန်းကျောင်းသားဘဝက နေထိုင်ပညာသင်ကြားခဲ့သည့် ပရဟိတဂေဟာ တည်ရှိနေပါသည်။ ထိုစဉ်က ကျေးဇူးရှင်ဆရာတော်ကြီး နှစ်ပါးဖြစ်သော ဦးပညာလောကနှင့် ဦးဇောတိပါလတို့မှာ ပျံလွန်တော် မူခဲ့ကြပေပြီ။ လက်ရှိ ပရဟိတဂေဟာကို စောင့်ရှောက်နေသော တတိယမြောက်ဆရာတော် ဘဒ္ဒန္တအရိယာနန္ဒအား ဝင်ရောက်ဖူးမြော်ကန်တော့ခဲ့သည်။ ဆက်လက်၍ ငဝန်တံတားကြီးကို ဖြတ်ကူးကာ တစ်ဖက်ကမ်း ခတ္တာရုပ်ကွက်ရှိ စတုမုခထူပါရုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ပါသည်။ သမိုင်းဝင်စေတီတော်မြတ်ကြီးသည် ငဝန်မြစ်ကမ်းနံဘေးတွင် တည်ရှိပြီး မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုလျက်ရှိရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မြစ်ကမ်းထိန်းလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ပေးထားသည်ကို တွေ့မြင်ခဲ့ရသည်။ ဧရာဝတီတိုင်းဝန်ကြီးချုပ် ဦးတင်မောင်ဝင်း မကြာခဏ သွားရောက်စစ်ဆေးကြည့်ရှုသည်ကိုလည်း ကြားသိနေရ၍ ကျေးဇူးတင်ဝမ်းမြောက်ရပါသည်။

လေးမျက်နှာ မြို့နယ်ထဲမှာ ကျွန်တော်မဖြစ်မနေ ဝင်ရောက်ရမည့် ဇာတိမြေက ကျေးရွာများ ရှိနေပါသေးသည်။ မြို့နယ်အနောက်ဘက်ခြမ်း ပုသိမ် – မုံရွာကားလမ်းဘေး (ကားလမ်းကြီး မပေါ်ပေါက်မီကတော့ အနောက်ရိုးမတောင်ခြေ)ရှိ စိန်တောင်၊ လှော်ကထားကျေးရွာများ ဖြစ်သည်။ လှော်ကထားအလက (ယခုအထက) မှာ ကျွန်တော် ရှစ်တန်းအောင်ခဲ့သည်။ ထိုမှ လေးမျက်နှာပရဟိတသို့ သွားရောက်နေထိုင်ပြီး ၉ တန်း၊ ၁၀ တန်း တက်ရောက်ခဲ့ခြင်းဖြစ်၏။ လှော်ကထားအထက ကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲတွင် အသုံးပြုရန် အလှူငွေ ပေးအပ်ခဲ့ပါသည်။ လှော်ကထားမှ တစ်ဆင့် ကျွန်တော်ဆက်လက်သွားရောက်ခဲ့သော နေရာတစ်ခုမှာ ဆောင်းပါးခေါင်းစဉ်တွင် ပါရှိသည့် သီတာကုန်းပြင်ရွာကြီး ဖြစ်ပါသည်။ ရှေးယခင်က လေးမျက်နှာမြို့နယ်ထဲမှာ ဖြစ်သော်လည်း ယခုအခါ ရေကြည်မြို့နယ်အပိုင် စာရင်းပေါက်ရွာကြီး ဖြစ်သွားခဲ့ပေပြီ။ ၁၉၆၈ ခုနှစ်တွင် ပြောင်းလဲ ဖွဲ့စည်းခဲ့ခြင်း ဖြစ်၏။

**သီတာကုန်းပြင်ဆိုသည်မှာ**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်းရှိ သီတာကုန်းပြင်ရွာသည် တိုင်းကျော်ပြည်ကျော်မဟုတ်သည့်တိုင် သမိုင်းဝင် ရွှေနန်းဦး(မြသိန်းတန်)စေတီ၊ ရွှေဒါန်းဦးစေတီ၊ ရွှေကူနီဘုရားတို့ကို အကြောင်းပြု၍လည်းကောင်း၊ သီတာမောင်နှမနတ်ကွန်းနှင့် ဆက်စပ်၍လည်းကောင်း လူသိများ ထင်ရှားခဲ့သည်။

*စာမျက်နှာ ၇ သို့*

- **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ခေတ်မီစံပြကျေးရွာ (SMART Village) ၄၂ ရွာ တည်ထောင်ပေးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးတွင် အင်္ဂပူမြို့နယ်ထဲက ရွှေတောင်စုကျေးရွာ၊ ဘိုကလေးမြို့နယ်ထဲက ငွေတောင်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်ထဲက အနောက်စုကြီးကျေးရွာများ ပါဝင်ပါသည်**

# ပြည်သူ့အငှားအိမ်ရာ အခန်း ၁၀၀၀၀ စီမံကိန်း၏ ပထမအဆင့် အခန်းပေါင်း ၅၀၀၈ ခန်းကို အသင်းချုပ်များ၏ တာဝန်ယူဆောင်ရွက်မှုဖြင့် တည်ဆောက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၄**

ဝင်ငွေနည်းပြည်သူများနေထိုင်ရေး အဆင်ပြေစေရန်၊ ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး၊ စံချိန်ပြည့်မီစွာဖြင့် သတ်မှတ်အချိန်မီပြီးစီးနိုင်ရန် ရည်ရွယ်၍ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းဦးစီးကော်မတီ၏ (၁၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**နိုင်ငံတော်၏ ဘဏ္ဍာငွေများ အကျိုးရှိစေရန်**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းဦးစီးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ဆောင်ရွက်နေသည့် ပြည်သူ့အငှားအိမ်ရာ အခန်း ၁၀၀၀၀ စီမံကိန်း၏ ပထမအဆင့် အခန်းပေါင်း ၅၀၀၈ ခန်းကို အသင်းချုပ်များ၏ တာဝန်ယူဆောင်ရွက်မှုဖြင့် တည်ဆောက်လျက်ရှိရာ ယခုအခါ နေပြည်တော်တွင် ၉၈ ရာခိုင်နှုန်း၊ မန္တလေးတွင် ၉၀ ရာခိုင်နှုန်းနှင့် ရန်ကုန်တွင် ၅၆ ရာခိုင်နှုန်းအထိ အသီးသီး ပြီးစီးလျက်ရှိပြီဖြစ်ကြောင်း၊ ရန်ပုံငွေအားဖြင့် ပြည်ထောင်စုမှ ၉၃ ဘီလီယံခန့် နှင့် တိုင်းဒေသကြီးမှ ၁၂ ဒသမ ၅ ဘီလီယံ စုစုပေါင်း ၁၀၅ ဘီလီယံကျော် သုံးစွဲထားပြီးဖြစ်သည့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေများ အကျိုးရှိစေရန်နှင့် ဆောက်လုပ်ရေး နည်းပညာစီမံခန့်ခွဲမှုများ ထိရောက်မှုရှိစေရန်အတွက် အဆောက်အအုံနှင့် Infrastructure လုပ်ငန်းများကို ပြီးပြတ်အောင် ဆောက်လုပ်သွားရန် လိုအပ်ကြောင်း။

ပြည်သူ့အငှားအိမ်ရာ စီမံကိန်းများကို နေပြည်တော်တွင် အဆောက်အအုံ ၂၈ လုံး၊ ရန်ကုန်တွင် အဆောက်အအုံ ၁၉၄ လုံး၊ မန္တလေးတွင် အဆောက်အအုံ ၉၁ လုံး တည်ဆောက်နေသည့်အတွက် စီမံကိန်းပမာဏကြီးမားသည်နှင့်အညီ လုပ်ငန်းအရည်အသွေးပြည့်မီစေရေးနှင့် အချိန်မီပြီးစီးနိုင်ရန် အသင်းချုပ် သုံးသင်း ၊ QC အဖွဲ့များနှင့် လုပ်ငန်းကြီးကြပ်သူ PMU များအနေဖြင့် အချိတ်အဆက်မိမိဖြင့် တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း။

အသင်းချုပ်များအနေဖြင့် မြေပြင်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ ရှိသော်လည်း ငွေတောင်းခံရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အစည်းအဝေး တက်ရောက်လာသူများအနေဖြင့် စီမံကိန်းအောင်မြင်စွာ ပြီးစီးနိုင်ရေးအတွက် လိုအပ်ချက်များ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့အငှားအိမ်ရာစီမံကိန်းဦးစီးကော်မတီ အတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်နေမှု၊ လက်ရှိ ပထမအဆင့်တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက စီမံကိန်းဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား (၁/၂၀၂၂) ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ လုပ်ငန်းပိုင်းဆိုင်ရာ ပြီးစီးမှုအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်လိုသည့် လုပ်ငန်းများအလိုက် ရန်ပုံငွေ တင်ပြတောင်းခံမှုတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။



**စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်တို့က အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ အရည်အသွေးဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ငန်းတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF)၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA) နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA) တို့မှ ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးတွင် အတည်ပြုချက်များ၊ ဆုံးဖြတ်ရန်အချက်များ ချမှတ်ပေးပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်ရန်နှင့် သတ်မှတ် အချိန်မီပြီးစီးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

သီတာမောင်နှမဆိုသည်မှာ မောင်တော် နန္ဒဘယ မင်းသား၊ နှမတော် သုပဘာဒေဝီ မင်းသမီးတို့ကို ရည်ညွှန်းပါသည်။ သီတာကုန်းပြင်ရွာကြီးသည် တစ်ချိန်က ပုသိမ် ၃၂ မြို့ စာရင်းဝင် ကျိုက်ပွင့်ပြည်ပဒေါ၊ ကျိုက်ပွင့်ပဒေါ၊ ကျိုက်မင်းပဒေါ၊ ကျိုက်တော်ပြည့်ပဒေါ၊ ကျိုက်ယသီမြို့ဟူ၍ အဆင့်ဆင့် ပြောင်းလဲခေါ်ဝေါ်သမုတ်ခဲ့ကြကြောင်း သမိုင်းများကဆို၏။ ကျိုက်ယသီမှ ကျိုက်ယသီဒါ၊ ထိုမှ သီတာကုန်းပြင် ဖြစ်လာခဲ့သည်ဟု မှတ်ယူကြသည်။ သီတာကုန်းပြင်၏ အနက်အဓိပ္ပာယ်မှာ သီတာသည် သီတက ဆင်းသက်လာပြီး အေးချမ်းသာယာသော အဓိပ္ပာယ်ကို ဆောင်ပါသည်။ ကုန်းပြင်ကတော့ ကုန်းမြင့်ဟု အဓိပ္ပာယ်ရသဖြင့် အေးချမ်းသာယာသော ကုန်းမြင့်နေရာဌာနဟု မှတ်ယူကြပါသည်။



**သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)မှ ကျောင်းသား ကျောင်းသူလေးများ။**

**ဇင်ကာ၊ သန်လျင်နှင့် သီတာကုန်းပြင်**

ရခိုင်ဘုရင် မင်းဗာကြီးလက်ထက် အေဒီ ၁၅၃၁-၁၅၃၃ ကာလများတွင် မြောက်ဦးဒေသသို့ ပေါ်တူဂီများရောက်ရှိနေပြီး မြောက်ဦးမြို့ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ကြသည်ဆို၏။ မြောက်ဦးမင်းဆက် မင်းရာဇာကြီး အေဒီ ၁၅၉၃-၁၆၁၂ လက်ထက်၌ စစ်ဘက်အရာရှိအဖြစ် ပေါ်တူဂီလူမျိုး ဇင်ကာသည် နေရာရရှိလာသည်။ ၁၅ ရာစုနှင့် ၁၆ ရာစုတို့တွင် ပေါ်တူဂီတို့ နယ်ချဲ့အားကောင်းလာချိန်မှာ ရခိုင်ဘုရင်များ၊ မြန်မာဘုရင်များ အုပ်စိုးရာနေရာများ၌ စည်းလုံးညီညွတ်မှု ပျက်ပြားပြီး သူတစ်လူ ငါတစ်မင်း ဖြစ်လာကြသည်။ ဘုရင့်နောင်မင်းတရားကြီး လွန်ပြီးနောက် သားတော် နန္ဒဘုရင်လက်ထက်တွင် အကွပ်အညှပ် အားနည်း၍ ဟံသာဝတီထီးနန်း ယိမ်းယိုင်ခဲ့သည်။ ဟံသာဝတီ တိုက်ခိုက်ခံရပြီးနောက် ဇင်ကာသည်သန်လျင်မြို့စောင့်နယ်စားခန့်ထားခြင်းခံရသည်။ ရခိုင်ဘက်တွင်လည်း သူတစ်လူငါတစ်မင်း ဖြစ်လာပြီးနောက် ရခိုင်အမတ် မင်းစောထွတ်က ၎င်း၏သမီး စောသန္တာ(စောသဒ္ဓါ) ကို ဇင်ကာနှင့် လက်ဆက် ထိမ်းမြားပေးခဲ့သည်။ ၎င်းတို့နှစ်ဦးမှ သားတော် နန္ဒာဘယနှင့် သမီးတော် သုပဘာဒေဝီတို့ ထွန်းကားလာခဲ့သည်။ ဇင်ကာသည် နတ်ရှင်နောင်နှင့် ပူးပေါင်းပြီး အေဒီ ၁၆၁၂ ၌ တောင်ငူကို တိုက်ခိုက်သိမ်းယူခဲ့သည်။ သည့်အတွက် အေဒီ ၁၆၁၃ ၌ အနောက်ဘက်လွန် မင်းတရားသည် သန်လျင်ကို ချီတက်တိုက်ခိုက်၍ ဇင်ကာနှင့် နတ်ရှင်နောင်တို့အား ကွပ်မျက်ခဲ့ပါသည်။ စောသန္တာနှင့် သားငယ် သမီးငယ်တို့သည် ခြွေရံသင်းပင်းများနှင့်အတူ သန်လျင်မှ လှေဖြင့် ဆန်တက်၍ ဟသ်ာတမြို့ဘက်သို့ ရောက်လာသည်။ ယင်းမှတစ်ဖန် ငဝန်မြစ်အတွင်း ဝင်ရောက်ပြီး သီတာကုန်းပြင် ဖြစ်လာမည့် ဒေသဘက်သို့ ရောက်ရှိလာပါသည်။ စောသန္တာမင်းသမီး ကွယ်လွန်သွားသောအခါ ကျန်ရစ်သောကလေးနှစ်ဦးကို ရခိုင်အမတ်သုဒိန်က ကောက်ယူမွေးစား၍ ကျိုက်ယသီ (ယခင် ကျိုက်ပွင့်ပဒေါမြို့ဟောင်းနေရာ) မြို့ကို တည်ထောင်ပေးခဲ့သည်။ အနောက်ဘက်လွန်မင်းလာတိုက်သောအခါ မြန်အောင်မြို့ဘက်သို့ ခေတ္တတိမ်းရှောင်ကြရင်း ကွင်းကောက်ဒေသ၌ ဘုရားစေတီများ တည်ခဲ့ကြကြောင်းသိရသည်။ ထိုအချိန်ကတည်းက ယင်းတို့နှစ်ဦးကို သီတာမောင်နှမအဖြစ် ဒေသတစ်ခုလုံးက ချစ်ခင်စွာ ခေါ်ဝေါ်နေကြပြီဖြစ်သည်။ သီတာကုန်းပြင်ဒေသသို့ ပြန်လည်ရောက်ရှိကြပြီးနောက် ရွှေနန်းဦးစေတီ (မြသိန်းတန်စေတီ)၊ ရွှေဒါန်းဦးစေတီ၊ ရွှေကူနီဘုရားတို့ကို တည်ခဲ့ကြသည်။

သီတာမောင်နှမသည် ယင်းကဲ့သို့ နေလာရာက အေဒီ ၁၆၃၇ ခုနှစ်၌ မောင်တော် နန္ဒဘယမင်းသားသည် ဘေးထိုးရင်ကျပ်နာ ပြင်းစွာဖြစ်၍ ကွယ်လွန်ခဲ့သည်။ မောင်ဖြစ်သူ ကွယ်လွန်ပြီး မကြာမီမှာပင် နှမတော် သုပဘာဒေဝီ မင်းသမီးသည်လည်း ရင်ကွဲနာကျ၍ ကွယ်လွန်ပြန်လေ၏။ အေဒီ ၁၈၇၁ ခုနှစ်တွင် ရွှေနန်းဦးစေတီကို ပြုပြင်မွမ်းမံပြီး မြသိန်းတန် စေတီအဖြစ် ဘွဲ့အမည် ပြောင်းလဲခေါ်ဝေါ်ချိန်မှာပင် သီတာမောင်နှမ နတ်ကွန်းစင် ပေါ်ပေါက်လာခဲ့ပါသည်။ ဘုရားပြုပြင်ချိန် အေဒီ ၁၈၇၁ ခုနှစ် ရေးထိုးခဲ့သော မြသိန်းတန်စေတီကျောက်စာ၌အထက်ပါအကြောင်းအရာအချို့ကို ဖော်ပြထားကြောင်း ဖတ်ရှုလေ့လာခဲ့ရပါသည်။ မြသိန်းတန်ဘုရားပွဲကို နှစ်စဉ် တပေါင်းလ၌ ကုန်းပွဲ၊ တော်သလင်းလ၌ ရေပွဲများ ကျင်းပကာ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ကြသည်။ ရှေးယခင်က ကုန်းပွဲတွင် ဇာတ်သဘင်ပွဲများ၊ ရိုးရာခြင်းလုံးခတ်၊ ဘော်လီဘောပွဲများ ကျင်းပပြီး ရေပွဲ၌မူ သီတာချောင်းထဲတွင် လောင်းလှေများ ယှဉ်ပြိုင်လှော်ခတ်ကြသည်ဟု သိရှိရပါသည်။ ထိုပွဲတော်များကို ယခုတိုင် စည်စည်ကားကားကျင်းပနေကြဆဲ ဖြစ်ပါသည်။

**နှုတ်ဆက်ခဲ့ပါသည် သီတာကုန်းပြင်**

သီတာကုန်းပြင် ရွာကြီးကို ကျွန်တော်သွားရောက်ခဲ့သည့် အဓိကရည်ရွယ်ချက်မှာ အထကသီတာကုန်းပြင်ကျောင်းအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရန် ဖြစ်ပါသည်။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်းနှင့် သန်လျင်)တို့မှ ထုတ်ဝေသော နှစ်လည်မဂ္ဂဇင်းများ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်းနှင့် ရန်ကုန်) တို့မှ ထုတ်ဝေသော နှစ်လည်မဂ္ဂဇင်းစာအုပ်များ ဖြစ်ကြပါသည်။ ကျောင်းဆင်းချိန်လွန်သွားပြီဖြစ်၍ ကျောင်းသားကျောင်းသူများနှင့် တွေ့ခွင့်မရတော့ပါ။ ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းခဲ့ပါသည်။ ယင်းနောက် ရွှေနန်းဦး(မြသိန်းတန်စေတီ)၊ ရွှေဒါန်းဦးစေတီများကို ဖူးမြော်ကြည်ညိုပြီး ပုသိမ်မြို့သို့ ခရီးဆက်ခဲ့ကြပါသည်။ နှုတ်ဆက်ခဲ့ပါသည် သီတာကုန်းပြင်၊ ပြန်လည်တွေ့ဆုံကြပါဦးစို့။ ။

(၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှု၏ စွမ်းဆောင်ရည်များ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်

❑ မောင်သင်းပျို့

*(ယမန်နေ့မှအဆက်)*

### တရားဝင်ကုန်သွယ်မှု

မြန်မာနိုင်ငံတွင် ကုမ္ပဏီများနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများက ဓာတုပစ္စည်းများကို အသုံးပြုရန်နှင့် ပြန်လည်ရောင်းချရန် ပြည်ပမှ တင်သွင်းခွင့်ရရှိရေးကို ထောက်ခံပေးလျက်ရှိရာ ၂၀၂၁ ခုနှစ်အတွင်း ကုမ္ပဏီ/ လုပ်ငန်းရှင်စုစုပေါင်း ၆၉ ခုရှိပြီး အသုံးပြုသည့် ကုမ္ပဏီ/ လုပ်ငန်းရှင် ၅၁ ခု၊ တစ်ဆင့် ပြန်လည်ရောင်းချသည့် ကုမ္ပဏီ/ လုပ်ငန်းရှင် ၁၂ ခု၊ ဌာနဆိုင်ရာလျှောက်ထားမှု ငါးခု၊ ပြည်တွင်းထုတ်လုပ်ပြီး ကိုယ်တိုင်သုံးကုမ္ပဏီ တစ်ခုဖြစ်သည်။

ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် လည်းကောင်း၊ တရားဝင်ကုန်သွယ်မှုများမှတစ်ဆင့် လမ်းလွှဲရောက်ရှိခြင်းကို ကာကွယ်ရန်အတွက်လည်းကောင်း ၂၀၂၁ ခုနှစ်အတွင်း ရောင်တခင်/ ပုံမှန်စစ်ဆေးခြင်း ၆၅၆ ကြိမ်၊ အသိပညာပေးဟောပြောခြင်း ၅၅၆ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ကျော် သယ်ဆောင်မှု ၂၈၃ ကြိမ်တို့ကို ဆောင်ရွက်ခဲ့သည်။

### ပြည်သူ့ဘဏ္ဍာသိမ်းဆည်းရရှိမှု

မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးအမှုဖြင့် အရေးယူခဲ့သည့် တရားခံများထံမှ ငွေကြေးပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရရှိမှုမှာ ၂၀၂၀ ပြည့်နှစ်က အမှုပေါင်း ၂၀၂၂ မှု၊ တရားခံပေါင်း ၂၉၀၆ ဦးမှ မြန်မာငွေကျပ် ၂၇၈၂ သန်းကျော်၊ ၂၀၂၁ ခုနှစ်က အမှုပေါင်း ၁၀၁၈ မှု၊ တရားခံပေါင်း ၁၇၁၁ ဦးထံမှ မြန်မာငွေကျပ် ၇၇၉ သန်းကျော်၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ အမှုပေါင်း ၄၆၂ မှု၊ တရားခံပေါင်း ၈၂၂ ဦးထံမှ မြန်မာငွေကျပ် ၈၁၅ သန်းကျော်ဖြစ်သည်။

မူးယစ်ဆေးဝါးပြစ်မှုနှင့် ဆက်နွှယ်ပြီး ကျူးလွန်ရာမှရရှိသော အကျိုးအမြတ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်/မရွှေ့ပြောင်းနိုင်ပစ္စည်းများအား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်တန်ဖိုးမှာ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် မြန်မာငွေကျပ် ၂၉၉၇ သန်းကျော်၊ အမေရိကန်ဒေါ်လာ ၅၀၀ ကျော်၊ စင်ကာပူဒေါ်လာ ၂၂၅၀ ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မြန်မာငွေကျပ် ၅၀၂၆ သန်းကျော်၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ သိန်းကျော်၊ စင်ကာပူဒေါ်လာ ၃၇၀ တို့ ဖြစ်ပါသည်။

### မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၏ ဆောင်ရွက်မှု

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(Myanmar Anti–Narcotics Association – MANA)ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၄ ခုနှစ် ဇွန် ၂၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှတ်ပုံတင်ဌာနက ၁၉၉၄ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အသင်းအဖွဲ့ မှတ်ပုံတင်အမှတ် ၁၇၇၀ ဖြင့် ခွင့်ပြုခဲ့သည်။

အသင်း၏မျှော်မှန်းချက်မှာ “Myanmar is A Drug Free Society and Healthy Nation” ကျန်းမာကြံ့ခိုင်၍ မူးယစ်ကင်းစင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန် ဖြစ်သည်။ အသင်းအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးကို အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မူးယစ်ဆေးဝါး၏ ဝင်ပေါက်ဖြစ်သော ဆေးလိပ်နှင့် အရက်သောက်ခြင်းကို တားဆီးကာကွယ်ရေးအတွက် ပြည်သူလူထုအတွင်း ပညာပေးဟောပြောမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။

❍ **မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (Myanmar Anti-Narcotics Association - MANA) ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၄ ခုနှစ် ဇွန် ၂၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှတ်ပုံတင်ဌာနက ၁၉၉၄ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အသင်းအဖွဲ့ မှတ်ပုံတင်အမှတ် ၁၇၇၀ ဖြင့် ခွင့်ပြုခဲ့သည်။ အသင်း၏မျှော်မှန်းချက်မှာ “Myanmar is A Drug Free Society and Healthy Nation” ကျန်းမာကြံ့ခိုင်၍ မူးယစ်ကင်းစင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်ဖြစ်သည်**



ရှမ်းပြည်နယ် နောင်တရားဒေသ၌ ဘိန်းအစားထိုးစိုက်ပျိုးသည့် အစေ့ထုတ်ပြောင်းစံပြကွက် ရိတ်သိမ်းပွဲပြုလုပ်စဉ်။

### မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း

မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း(Border Areas Development Association–BDA)သည် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ စီမံချက်များကို ထိရောက်စွာအသုံးပြု၍ ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်မှုနှင့်အညီ မူးယစ်ဆေးဝါး အန္တရာယ်သည်လည်း တစ်ချိန်တွင် ချုပ်ငြိမ်းသွားမည်ဟု ယုံကြည်လုပ်ဆောင်လျက်ရှိသည်။

### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျပြည်ထောင်စုရဲအဖွဲ့ (AFP)၊ အမေရိကန် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နှင့်လည်း အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစည်းအဝေးများဖြစ်သော မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး (AMMD)၊ အာဆီယံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASOD)၊ အာဆီယံ လေကြောင်းကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေး (AAITF)၊ အာဆီယံပင်လယ်ဆိပ်ကမ်းကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေး(ASITF)၊ အာဆီယံမူးယစ်ဆေးဝါးစောင့်ကြပ်ကြည့်ရှုမှု ကွန်ရက်အစည်းအဝေး (ADMN) တို့သို့ ပါဝင်တက်ရောက်၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံအဖွဲ့မှ ချမှတ်ထားသော ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆–၂၀၂၅) (ASEAN Work Plan – 2016–2025)၊ ရွှေတြိဂံဒေသတွင်း တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအား တိုက်ဖျက်ရေး အာဆီယံပူးပေါင်းဆောင်ရွက်ရေး စီမံချက် (၂၀၁၉–၂၀၂၂) (ASEAN Co–operation Plan –2019–2022) တို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပြဿနာကို ခံစားနေရသောနိုင်ငံများ၏ အကူအညီများဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို ဆောင်ရွက်ရန်အတွက် မဲခေါင်သဘောတူညီချက်အား ပါဝင်လက်မှတ်ရေးထိုးကာ မဲခေါင်ဒေသခွဲ ခြောက်နိုင်ငံအတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျ အိမ်ရှင်အဖြစ် ဝန်ကြီးအဆင့်အစည်းအဝေးကို နှစ်နှစ်လျှင် တစ်ကြိမ်၊ အဆင့်မြင့် အရာရှိကြီးများအဆင့်အစည်းအဝေးနှင့် ဗဟိုတာဝန်ခံအစည်းအဝေးများကို တစ်နှစ်လျှင် တစ်ကြိမ် လက်ခံကျင်းပလျက်ရှိပါသည်။

ဘင်းမ်စတက် မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးနှင့် ပရိကာဆာဓာတုပစ္စည်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းခွဲအုပ်စု (BIM–STEC Sub–Group on Prevention of Illicit Trafficking in Narcotics Drug, Psychotropic Substances and Pre–cursor Chemicals) ကို မြန်မာနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူ

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဆောင်ရွက်လျက်ရှိပြီး ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ လုပ်ငန်းခွဲအုပ်စု အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ ၂၄ ခုအား လက်မှတ်ရေးထိုးကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် နှစ်နိုင်ငံအစည်းအဝေးများအား အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပါသည်။ ထို့အပြင် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များတွင် သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၁ ခုနှစ်အတွင်း မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အနေဖြင့် ပြည်တွင်း/ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနား တစ်ကြိမ်၊ တွေ့ဆုံဆွေးနွေးပွဲ/ အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်၊ အွန်လိုင်းဖြင့် ပြုလုပ်သော အစည်းအဝေး ၂၁ ကြိမ်၊ တွေ့ဆုံဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်၊ အခမ်းအနား တစ်ကြိမ်နှင့် သင်တန်း တစ်ကြိမ်တို့ကို တက်ရောက်ခဲ့သည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံကြား မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်သည် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E.Mr. Somsak Thepsutin ၏ ဖိတ်ကြားချက်အရ ၂၀၂၂ ခုနှစ် မေ ၂၂ ရက်မှ ၂၅ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သွားရောက်၍ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်းများအား ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 1511/22 ၏ အောင်မြင်မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ မူးယစ်ပြစ်မှုဆက်နွှယ်၍ သိမ်းဆည်းထားသော ဘဏ္ဍာသိမ်းပစ္စည်းများအား စီမံခန့်ခွဲမှုနှင့် ခေတ်မီနည်းပညာအသုံးပြု၍ မူးယစ်မှုခင်းများအား ဖော်ထုတ်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးနိုင်ခဲ့ကြပါသည်။

အဆိုပါ ထိုင်းနိုင်ငံခရီးစဉ်အတွင်း အတူလိုက်ပါသွားခဲ့သော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံမှ အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပသည့် (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဒေသအတွင်း မူးယစ်ဆေးဝါးအခြေအနေများ၊ ရွှေတြိဂံဒေသတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ပရိကာဆာခဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှုတို့အား ထိန်းချုပ်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ အလိုရှိတရားခံများအား ဖော်ထုတ်ဖမ်းဆီးရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အရာရှိများ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လူငယ်များကြား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးဆိုင်ရာကိစ္စရပ်တို့အား ဆွေးနွေးသဘောတူခဲ့ကြပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။




ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ရှမ်းပြည်နယ်မှ တောင်သူများအား မွေးမြူရေးလုပ်ငန်းအဖွဲ့က မွေးမြူရေးပျားများ ဖြန့်ဖြူးပေးစဉ်။

### တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းအားဖြင့်

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့နိုင်ငံများ၏ တရားဥပဒေစိုးမိုးရေး၊ လူသားမျိုးနွယ်များ ဉာဏ်ရည်မြင့်ရှင်သန်ရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားတို့ကို ပိုမိုခြိမ်းခြောက်လျက်ရှိသည့်အပြင် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်သောင်းကျန်းမှုဖြင့် ပြည်တွင်းမငြိမ်သက်မှုတို့သည် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ချိမှု၏ ဆိုးကျိုးများပင်ဖြစ်သည်။

လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲမှုတို့ကြောင့် မိသားစုတွင် စီးပွားရေးနှင့် လူမှုရေးအခက်အခဲများကို ဖြစ်ပေါ်စေပြီး ပတ်ဝန်းကျင်သို့ ကူးစက်ပျံ့နှံ့ကာ အေးချမ်းလုံခြုံသော လူမှုဝန်းကျင်ကို ထိခိုက်စေလျက် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေလျက်ရှိသည်။ ထို့ကြောင့် တိုင်းပြည်၏ အနာဂတ် ဥယျာဉ်မှူးများနှင့် ပန်းခင်းများဖြစ်သည့် မျိုးဆက်သစ်လူငယ်များ ပွင့်သော ပန်းတိုင်းလန်းစေရန် မူးယစ်ဆေးဝါးကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အမြစ်ဖြတ်တိုက်ဖျက်ရေးတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းရင်းသားပြည်သူတို့ စုပေါင်းအားဖြင့် တားဆီးကာကွယ်လျက်ရှိသည်။

### ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်အဖြစ် ကျန်ရှိနေမည်

မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲမှုကို ကမ္ဘာ့နိုင်ငံများ ဝိုင်းဝန်း၍ တိုက်ဖျက်နေလျက်ကပင် နှစ်စဉ်တိုးပွားလာမှုကြောင့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုအဖြစ် ရင်ဆိုင်လာရလျက်ရှိသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ သိုလှောင်ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်းနှင့် ဆက်စပ်ပေါ်ပေါက်လာသော မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးကို လွှမ်းခြုံလာလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတိုင်းတွင် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ဘိန်း၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားတို့ကို ခေတ်အဆက်ဆက် နိုင်ငံတော်က ပြင်းပြင်းထန်ထန် တားဆီးနှိမ်နင်းခဲ့ပြီး တပ်မတော်သားနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များစွာ တိုင်းပြည်အတွက် အသက်ပေးခဲ့ကြသည်။ ယနေ့တိုင် အမြစ်မပြတ်သော မူးယစ်ဆေးဝါး ပြဿနာကို အခက်အခဲများကြားမှ တားဆီးနှိမ်နင်းလျက်ရှိသည်။

မူးယစ်ဆေးဝါးလျော့နည်းပပျောက်ရေးတွင် ပြည်သူလူထု၏ အသိရှိရှိ၊ သတိရှိရှိဖြင့် ပူးပေါင်းပါဝင်မှုသည် နိုင်ငံအတွက် အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ တစ်နှစ်ထက်တစ်နှစ် စိတ်ကြွရူးသွပ်ဆေးပြား ပိုမိုဖမ်းဆီးရရှိမှုသည် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားလာမှုကို ပြသခြင်းဖြစ်သည်။ နည်းပညာနှင့်စွမ်းဆောင်ရည်သည် မူးယစ်ဆေးဝါးဖော်ထုတ်ဖမ်းဆီးရာတွင် အရေးပါသောကြောင့် ဖြည့်ဆည်းဆောင်ရွက်မှုဖြင့် စွမ်းဆောင်ရည်ပြည့်ဝသော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်မှုရည်မှန်းချက်ပန်းတိုင်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းမှုတွင် မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ စွမ်းဆောင်ရည်သည် ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်ဖြစ်ပါကြောင်း ၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

## တာမွေမြို့နယ်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဟောပြော

**တာမွေ ဇွန် ၂၄**

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟို၏ စီစဉ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) ဟောပြောပွဲကို တာမွေမြို့နယ် နတ်မောက်ရပ်ကွက်ရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ဇွန် ၂၄ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုးအောင်က အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလှိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးစခန်းများတွင် မူးယစ်ဆေးဖြတ်ပြီးသူ လူနာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တာဝန်ရှိသူများက မူးယစ်ဆေးဝါးအမျိုးမျိုးတို့၏ ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးအမျိုးမျိုးသုံးစွဲခြင်းကြောင့် လူနေမှုဘဝပေါင်းများစွာတို့၏ ထိခိုက်နစ်နာဆုံးရှုံးရမှုများ၊ မူးယစ်ဆေးဖြတ် လူနာများအားဆေးကုသမှုပေးနေမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းဟောပြောခဲ့ကြသည်။

**နိုင်လင်းအောင်**
**(တာမွေ)**

## မန္တလေးဆိပ်ကမ်း၌ လာမည့်ရက်များတွင် ဧရာဝတီမြစ်ရေ နှစ်ပေမှ လေးပေခန့် မြင့်တက်လာနိုင်

**မန္တလေး ဇွန် ၂၄**

မန္တလေးဆိပ်ကမ်း၌ ဧရာဝတီမြစ်ရေသည် လာမည့် ဇွန်လ၏ တတိယ ၁၀ ရက်ပတ်(၂၀ ရက်မှ ၃၀ ရက်)အတွင်း ခန့်မှန်းချက်များအရ လက်ရှိ မြစ်ရေအမှတ်ထက် နှစ်ပေမှ လေးပေခန့် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ-မန္တလေး) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

မိုး/ဇလညွှန်ကြားမှုဦးစီးဌာန၏ မြစ်ရေအခြေအနေနေ့စဉ် ထုတ်ပြန်ချက်များအရ ဧရာဝတီမြစ်ရေသည် မန္တလေးဆိပ်ကမ်း၌ ဇွန် ၁၆ ရက်က ၉၂၉ စင်တီမီတာရှိရာမှ ဇွန် ၂၃ ရက်တွင် ၁၁၃၃ စင်တီမီတာသို့ မြင့်တက်လာခဲ့သည်။

“ဧရာဝတီမြစ်အထက်ပိုင်းစခန်းတွေရဲ့ ပြီးခဲ့တဲ့ ၂၄ နာရီ မြစ်ရေတိုင်းထွာချက်များအရ မြစ်ကြီးနားမှာ နှစ်ပေကျော်၊ ဗန်းမော်မှာ ပေဝက်ခန့်ကျဆင်းခဲ့ပြီး ရွှေကူမြို့မှာ စိုးရိမ်ရေမှတ်အောက် ပြန်ကျသွားတယ်။ ကသာနဲ့ သပိတ်ကျင်းမှာ မြစ်ရေအနည်းငယ်တက်နေတယ်။ လာမယ့် ဇွန်လတတိယ ၁၀ ရက်ပတ် မြစ်ရေခန့်မှန်းချက်အရ သပိတ်ကျင်း၊ မန္တလေးနဲ့ ညောင်ဦးတို့မှာ နှစ်ပေကနေ လေးပေခန် မြင့်တက်လာနိုင်တယ်”ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံအထက်ပိုင်း မြစ်ကြီးနားနှင့် အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုဖြစ်စဉ်များမှ ဧရာဝတီမြစ်ရေသည် အောက်ဘက်သို့ စီးဆင်းလာရာ ဆိပ်ကမ်းများ၌ မြစ်ရေမြင့်တက်လာကြောင်း၊ ဇွန်၂၂ ရက် နံနက်ပိုင်း မြစ်ရေတိုင်းထွာချက်များအရ သပိတ်ကျင်းဆိပ်ကမ်းတွင် စိုးရိမ်ရေမှတ်အောက် ၃ ဒသမ ၆၄ ပေနှင့် မန္တလေးဆိပ်ကမ်းတွင် စိုးရိမ်ရေမှတ်အောက် ၅ ဒသမ ၄၄ ပေသို့ ရောက်ရှိနေကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်း၏ စိုးရိမ်ရေအမှတ်သည် ၁၂၆၀ စင်တီမီတာ ဖြစ်ပြီး မြစ်ရေတိုင်းထွာချက်များအရ ဇွန်၁၆ ရက်တွင် ၉၂၉ စင်တီမီတာ၊ ၁၇ ရက်တွင် ၉၅၆ စင်တီမီတာ၊ ၁၈ ရက်တွင် ၉၇၇ စင်တီမီတာ၊ ၁၉ ရက်တွင် ၁၀၀၁ စင်တီမီတာ၊ ၂၀ ရက်တွင် ၁၀၃၂ စင်တီမီတာ၊ ၂၁ ရက်တွင် ၁၀၅၉ စင်တီမီတာနှင့် ၂၂ ရက်တွင် ၁၁၀၂ စင်တီမီတာ၊ ၂၃ ရက် နံနက် ၆နာရီခွဲက ၁၁၃၃ စင်တီမီတာသို့ ရောက်ရှိနေသည်ဟု သိရသည်။

**မောင်အေးချမ်း**

# ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ရွေးချယ်ကြရာတွင် ...

*သိန်းထွန်း (IR)*

**အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခု**

ပြီးခဲ့တဲ့ ဇွန်လ ၁၇ ရက်နေ့က ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းတွေ ထွက်ပါတယ်။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းမှာဆိုရင် အောင်ချက် ၄၆ ဒသမ ၈၈ ရာခိုင်နှုန်း ရှိပါတယ်။ စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူပေါင်း ၂၈၁၇၅၁ ဦးမှာ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူပေါင်းက ၁၃၂၀၇၇ ဦးပါ။

အခုဆို တက္ကသိုလ်ဝင်တန်း အောင်မြင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ အဆင့်မြင့်ပညာရေးတွေ၊ အသက်မွေးဝမ်းကျောင်းပညာရေးတွေ စတဲ့ ပညာရေးလမ်းကြောင်းနဲ့ ဘဝရှေ့ရေး ရွေးချယ်ဖို့ စဉ်းစားနေကြပါပြီ။ ကာယကံရှင် ကျောင်းသား ကျောင်းသူတွေတင် မကပါဘူး မိဘတွေလည်း စဉ်းစားနေကြပြီပေါ့။

တက္ကသိုလ်ဝင်တန်းအောင်လို့ ပျော်ရွှင်ကြည်နူးမှုတွေ ပြည့်နေတဲ့အချိန်မှာ ကိုယ်ရတဲ့ အမှတ်နဲ့မီတဲ့ ဘယ်တက္ကသိုလ် တက်မလဲ၊ ဘယ်ဘာသာတွေ ယူကြမလဲဆိုတာ ရွေးရပါတော့မယ်။ စိတ်လှုပ်ရှားတာရော၊ မသေချာမရေရာတာတွေ ခံစားချက်မျိုးစုံ ဖြစ်တဲ့အချိန်လို့ ဆိုနိုင်ပါတယ်။ အဆင့်မြင့်ပညာရေး ဆက်တက်ဖို့ ကာယကံရှင်ကျောင်းသား၊ မိဘ၊ ဆရာတွေနဲ့ နီးစပ်ရာ တိုင်ပင်ကြရပါတယ်။ ကိုယ်ရတဲ့ အမှတ်၊ ကိုယ့်ဝါသနာ၊ မိဘရဲ့အခြေအနေ၊ အသက်မွေးဝမ်းကျောင်းနဲ့ အလုပ်အကိုင်၊ ခေတ်အခြေအနေ ဆိုတာတွေကို ချိန်ဆစဉ်းစားပြီး ရွေးချယ်ကြရပါတယ်။

ကျွန်တော်တို့ ဆယ်တန်းအောင်တုန်းကလည်း အဲဒီလိုပဲ စဉ်းစားရွေးချယ်ခဲ့ရတာ။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရွေးရင်း မှန်တဲ့သူလည်း မှန်၊ လွဲတဲ့သူလည်း လွဲကြတာ ရှိပါတယ်။ ကိုယ့်ဝါသနာနဲ့ ကိုယ်ရွေးချယ်တဲ့လမ်းကြောင်း မကိုက်ညီတဲ့အခါ သင်ခဲ့တဲ့ပညာနဲ့ အသက်မွေးဝမ်းကျောင်း မလုပ်နိုင်ဘူးပေါ့။ နီးစပ်ရာသိရသလောက်တော့ ကိုယ်တကယ်စိတ်ဝင်စားတဲ့ဘာသာရပ် ရွေးချယ်ကြတာထက် ကျောင်းပြီးရင် အလုပ်အကိုင်အဆင်ပြေမယ့်ဘာသာရပ်ကိုပဲ ဦးစားပေးရွေးချယ်ကြတာ များပါတယ်။ သူ့အရပ်နဲ့ သူ့ဇာတ်ပေါ့။ စိတ်ဝင်စားလို့ ရွေးချယ်တာ၊ ဝါသနာပါလို့ ရွေးချယ်တာတွေလည်း ရှိကြပါတယ်။ ဒါပေမယ့် နည်းပါတယ်။

ဒီတော့ ဆယ်တန်းအောင်စာရင်း ထွက်ပြီးလို့ အမောမဖြေနိုင်သေးဘူး၊ အမှတ်စာရင်းရတာနဲ့ တက်မယ့်တက္ကသိုလ်နဲ့ ယူမယ့်ဘာသာရပ်ရွေးဖို့ စဉ်းစားရပါပြီ။ မစဉ်းစားလို့လည်း မရဘူး။ တက္ကသိုလ်နဲ့ ဘာသာရပ်ရွေးချယ်တာက တစ်ဘဝလုံးနဲ့ ဆိုင်တော့ အရေးကြီးတဲ့အပိုင်းဖြစ်နေလို့ပါပဲ။

**ဆန္ဒနှင့်ဘဝ**

တက္ကသိုလ်ဝင်တန်းစာမေးပွဲက ကျောင်းသားတစ်ယောက်ရဲ့ ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲသွားစေနိုင်တဲ့ စာမေးပွဲတစ်ခုလို့ ဆိုလို့ရပါတယ်။ ဘဝကို အလှည့်အပြောင်းဖြစ်စေနိုင်တာကြောင့် ကျောင်းသားတိုင်း၊ မိဘတိုင်းက အားကုန်ထုတ်ကြိုးစားကြပါတယ်။ အဲဒီစာမေးပွဲရမှတ်ပေါ် မူတည်ပြီး ကိုယ့်ရဲ့အခြေအနေနဲ့ ကိုက်ညီအောင် ရွေးနိုင်လေ ရှေ့ဘဝခရီးမှာ အဆင်ပြေချောမွေ့လေ ဖြစ်မှာ မဟုတ်လား။ ရမှတ်များတဲ့သူတွေအတွက်တော့ ဆန္ဒနဲ့ဘဝ ထပ်တူကျနိုင်ပေမယ့် မျှော်မှန်းထားတဲ့ ရမှတ်မရတဲ့သူတွေအတွက်တော့ ဆန္ဒနဲ့ဘဝထပ်တူကျဖို့ ထပ်ပြီးကြိုးစားကြရဦးမှာပါ။

အချို့ ငွေကြေးတတ်နိုင်တဲ့ သူတွေကတော့ ထားပါတော့။ ငွေတတ်နိုင်ရင် တတ်နိုင်သလောက်၊ ကြိုးစားနိုင်ရင် ကြိုးစားနိုင်သလောက် နိုင်ငံခြားသွားတက်နိုင်တာကိုး။ သူလိုကိုယ်လိုလူတွေအတွက်ကတော့ စာမေးပွဲရမှတ်ပေါ်မူတည်ပြီး ဘဝရှေ့ရေးအတွက် အသင့်တော်ဆုံးဖြစ်အောင် ရွေးကြရပါတယ်။ ဒါကြောင့် တက္ကသိုလ်ဝင်တန်းအောင်ပြီးလို့ တက္ကသိုလ်မှာ ဘာသာရပ်နဲ့ အသက်မွေးဝမ်းကျောင်းရွေးချယ်တာ မှန်ကန်ဖို့က အရေးကြီးတယ်လို့ဆိုတာပါ။ ဆုံးဖြတ်ချက် မှန်ရင် မှန်သလောက် ဆန္ဒနဲ့ ဘဝ ထပ်တူဖြစ်ကြပါတယ်။ တချို့လည်း မဖြစ်ကြပါဘူး။ အတတ်နိုင်ဆုံး ကိုယ့်ရဲ့ ရည်မှန်းချက်၊ ဝါသနာ၊ ငွေကြေး၊ အလုပ်အကိုင်မျှော်မှန်းချက်ဆိုတာတွေနဲ့ စရွေးကိုက်အောင် ရွေးနိုင်မှ ကိုယ့်ဘဝရဲ့ ဆန္ဒတွေအပြင် အောင်မြင်မှု၊ တိုးတက်မှု၊ ပျော်ရွှင်မှုဆိုတာတွေကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

**နောက်ဆုံးအဆုံးအဖြတ်မဟုတ်**

တက္ကသိုလ်ဝင်တန်းအောင်စာရင်းထွက်တော့ အောင်တဲ့သူအတွက် ဝမ်းသာရသလို မအောင်သေးတဲ့သူတွေလည်း ဆက်ပြီးကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်။ စာမေးပွဲမအောင်တာဟာ ကာယကံရှင်တွေအတွက် လက်ခံဖို့ခက်ခဲပေမယ့် ထူးဆန်းတဲ့ ကိစ္စတော့ မဟုတ်ပါဘူး။ စာမေးပွဲမအောင်သေးတာဟာ ပညာရေးအဆုံးသတ်သွားတာ၊ အခြားရည်မှန်းချက်တွေ အဆုံးသတ်သွားတာမှ မဟုတ်တာ။ စာမေးပွဲကျရှုံးတာထက် အရေးကြီးတာက ကိုယ့်ဘဝကို အရှုံးမပေးဖို့ပါပဲ။ ကိုယ့်ဘဝကို အရှုံးပေးလိုက်ရင်တော့ ဘဝတစ်ခုလုံး ဆုံးရှုံးလိုက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် စာမေးပွဲမအောင်လို့ဆိုပြီး ဘဝကိုအရှုံးပေးဖို့ မလိုပါဘူး။ ဒီနှစ်မအောင်ရင် နောက်နှစ်တွေကြိုးစားနိုင်သလို ဘဝအောင်မြင်ဖို့ အခြားနည်းလမ်းတွေ၊ အခွင့်အလမ်းတွေ ရှိနေပါသေးတယ်။

အဲဒီလိုပဲ စာမေးပွဲမှာ အကြောင်းအမျိုးမျိုးကြောင့်ရမှတ်နည်းသွားပြီး လိုချင်တဲ့လိုင်းမရလို့လည်း စိတ်ဓာတ်ကျစရာ မလိုပါဘူး။ ကြိုးစားသူတွေအတွက် အခွင့်အလမ်းဆိုတာ အမြဲရှိနေပါတယ်။ ကမ္ဘာမှာ အောင်မြင်နေသူတိုင်းဟာ တစ်ခါတည်း ကြိုးစားရုံနဲ့ ထိပ်ဆုံးရောက်လာကြတာ မဟုတ်ပါဘူး။ ဆုံးရှုံးမှုတွေ၊ ကျရှုံးမှုတွေ၊ အခက်အခဲတွေကို ကြိုးစားကျော်ဖြတ်ရင်း အောင်မြင်လာကြတာပါ။ ဆယ်တန်းစာမေးပွဲဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါတယ်။ အရေးကြီးလားဆိုရင်တော့ အရေးကြီးပါတယ်။ ဒါပေမယ့် ဘဝအတွက် နောက်ဆုံးအဆုံးအဖြတ်တော့ မဟုတ်ပါဘူး။

နမူနာယူစရာ အတွေ့အကြုံတစ်ခု မျှဝေချင်ပါတယ်။ မိတ်ဆွေရဲ့သားတစ်ယောက်ဟာ စာတော်တဲ့ ကလေးပါ။ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးရမယ်လို့ အားလုံးက ခန့်မှန်းထားပြီးသား။ ဒါပေမယ့် အောင်စာရင်းထွက်တဲ့အချိန်မှာ ဘယ်လိုမှမျှော်လင့်မထားတဲ့ နှစ်ဘာသာပဲ ဂုဏ်ထူးထွက်ပါတယ်။ မိတ်ဆွေနဲ့ သူ့ကလေးဟာ ထွက်လာတဲ့အဖြေကို ဘယ်လိုမှမကြိုက်ကြပါဘူး။ ဒါပေမယ့် ရလာတဲ့ရလဒ်အပေါ် မိဘကရော၊ ကလေးကရော စိတ်ပျက်အားလျော့မနေပါဘူး။ တက်မယ့်တက္ကသိုလ်နဲ့ ဘာသာရပ်ကို အကောင်းဆုံးရွေးချယ်ခဲ့ကြပါတယ်။ ရွေးချယ်ဆုံးဖြတ်တဲ့အတိုင်း ကြိုးစားလိုက်တာ အခုဆို နိုင်ငံခြားကနေ ပါရဂူဘွဲ့ ရပြီးနေပါပြီ။ အတုယူစရာပါပဲ။

> **“ စာမေးပွဲမှာ အကြောင်းအမျိုးမျိုးကြောင့် ရမှတ်နည်းသွားပြီး လိုချင်တဲ့ လိုင်းမရလို့လည်း စိတ်ဓာတ်ကျစရာ မလိုပါဘူး။ ကြိုးစားသူတွေအတွက် အခွင့်အလမ်းဆိုတာ အမြဲရှိနေပါတယ်။ ကမ္ဘာမှာ အောင်မြင်နေသူတိုင်းဟာ တစ်ခါတည်း ကြိုးစားရုံနဲ့ ထိပ်ဆုံးရောက်လာကြတာ မဟုတ်ပါဘူး။ ဆုံးရှုံးမှုတွေ၊ ကျရှုံးမှုတွေ၊ အခက်အခဲတွေကို ကြိုးစားကျော်ဖြတ်ရင်း အောင်မြင်လာကြတာပါ။ ဆယ်တန်းစာမေးပွဲဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါတယ်။ အရေးကြီးလားဆိုရင်တော့ အရေးကြီးပါတယ်။ ဒါပေမယ့် ဘဝအတွက်နောက်ဆုံးအဆုံးအဖြတ်တော့ မဟုတ်ပါဘူး”**

**ရွေးချယ်မှုမှန်ကန်စေဖို့**

ကျောင်းသားတစ်ယောက်ရဲ့ အနာဂတ်ပညာရေး၊ ဘဝအသက်မွေးဝမ်းကျောင်းအတွက် ရွေးချယ်ဆုံးဖြတ်ချက်မှန်ကန်ဖို့ ဆိုခဲ့ပြီးပါပြီ။ အဲဒီလို ဆုံးဖြတ်ဖို့အတွက် ကာယကံရှင်ကျောင်းသားကိုယ်တိုင် လွတ်လပ်စွာဆုံးဖြတ်တာဟာ အရေးကြီးပါတယ်။ ဒါပေမယ့် ဆုံးဖြတ်မယ့် ကာယကံရှင်ရဲ့ အတွေ့အကြုံနဲ့ ဆုံးဖြတ်နိုင်စွမ်းဆိုတာတွေကိုလည်း ထည့်စဉ်းစားဖို့ လိုပါမယ်။ ငါ့ကလေးကိုတော့ သူကြိုက်တာ သူ့ဘာသာ ရွေးခွင့်ပေးထားတယ်လို့ ပြောပြီး ကလေးဆုံးဖြတ်တဲ့အတိုင်း လုပ်ပေးတဲ့ မိဘတွေကိုလည်း တွေ့ဖူးပါတယ်။ ဒီလောက်အမှတ်ကောင်းနေတာ ဆေးကျောင်းကိုပဲ တက်ရမယ်လို့ ဖိအားပေးပြောတဲ့ မိဘတွေကိုလည်း တွေ့ဖူးပါတယ်။

မိဘတွေအနေနဲ့ ထည့်သွင်းစဉ်းစားဖို့က အတွေ့အကြုံနဲ့ ဆုံးဖြတ်နိုင်စွမ်း နုနယ်သေးတဲ့ သူတစ်ယောက်ကို သူ့စိတ်ကြိုက်ရွေးခိုင်းလို့ မှားသွားခဲ့ရင် သူ့ဘဝတစ်လျှောက်လုံး နစ်နာသွားနိုင်တဲ့ ကိစ္စဖြစ်ပါတယ်။ မှားသွားလို့ ပြန်ပြင်လို့ရရင် တော်သေးရဲ့၊ ပြင်ဖို့ခက်သွားရင် ဘဝတစ်လျှောက် နောင်တရနေပါလိမ့်မယ်။ အဲဒီတော့ မိဘတွေ၊ အုပ်ထိန်းသူတွေ၊ ဆရာတွေနဲ့ ကျွမ်းကျင်သူတွေရဲ့ အကြံဉာဏ်တွေနဲ့ ကာယကံရှင်ရဲ့ ပါရမီ၊ ဝါသနာ၊ ဘဝရည်မှန်းချက်ဆိုတာတွေကို ချိန်ထိုးစဉ်းစားဆုံးဖြတ်မယ်ဆိုရင် အကောင်းဆုံးရွေးချယ်မှု ဖြစ်စေမှာပါ။

နောက်တစ်ချက်က မိဘတွေနဲ့ ပတ်ဝန်းကျင်က ဖိအားပေး လွှမ်းမိုးပြီး ဆုံးဖြတ်လိုက်တဲ့အခါ ကာယကံရှင်ရဲ့ဆန္ဒတွေ၊ ဝါသနာတွေနဲ့ မကိုက်ညီတော့ ဘဝမှာ အောင်မြင်သင့်သလောက် မအောင်မြင်ဖြစ်တတ်ပါတယ်။ ကာယကံရှင်ဟာ ဆုံးဖြတ်သူဖြစ်သင့်ပြီး မိဘတွေနဲ့ ပတ်ဝန်းကျင်ဆိုတာက ကာယကံရှင်ရဲ့ ဆုံးဖြတ်ချက်မှန်ကန်စေဖို့ အကြံဉာဏ်ပေးတဲ့သူ၊ အကောင်းဆုံး အထောက်အကူပေးတဲ့သူသာ ဖြစ်သင့်ပါတယ်။

ပတ်ဝန်းကျင်ရဲ့ တိုက်တွန်းမှုတွေ၊ အပေါ်ယံအမြင်နဲ့ဆုံးဖြတ်တာတွေနဲ့ စိတ်ကူးနဲ့ ဆုံးဖြတ်တာတွေက ဘာသာရပ်ရွေးချယ်တာနဲ့ အသက်မွေးဝမ်းကျောင်းရွေးချယ်ရာမှာ အံမဝင်တာတွေ ဖြစ်တတ်ပါတယ်။ တက္ကသိုလ်ဘာသာရပ်ရွေးချယ်မှုဟာ ကိုယ့်ဘဝရဲ့ ရေရှည်ဆုံးဖြတ်ချက်ဖြစ်လို့ အတတ်နိုင်ဆုံး ကိုယ်နဲ့ကိုက်ညီဖို့ ရွေးရပါတယ်။ စိတ်ကူးယဉ်လို့ မရပါဘူး။ ဘာသာရပ်ရွေးချယ်မှု မှန်ကန်မှ ကျောင်းတက်ရာမှာဖြစ်ဖြစ်၊ ကိုယ့်ဘဝရဲ့ အသက်မွေးဝမ်းကျောင်းမှာဖြစ်ဖြစ် တိုးတက်နိုင်မှာပါ။ အချို့သူတွေမှာဖြစ်တတ်တာက ကိုယ့်အမှတ်မီတဲ့ တက္ကသိုလ်တက်ဖို့၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားဖို့အတွက် ငွေကြေးအခက်အခဲရှိတဲ့အခါ လတ်တလော အလုပ်အကိုင် အဆင်ပြေစေတာကို ရွေးချယ်တတ်ကြပါတယ်။ လတ်တလော အခြေအနေအရတော့ မှန်ပါလိမ့်မယ်။ ဒါပေမယ့် အဲဒီလိုရွေးချယ်ဆုံးဖြတ်မှုဟာ လတ်တလော ပြေလည်အောင်ဖြေရှင်းနည်းဖြစ်လို့ နောက်ပိုင်း ဘဝရေရှည်တိုးတက်ဖို့အတွက် အခက်အခဲတွေဖြစ်တတ်လို့ သိနားလည်တဲ့သူတွေနဲ့ တိုင်ပင်ဆုံးဖြတ်သင့်ပါတယ်။

ဆုံးဖြတ်ချက်လွဲမှားစေနိုင်တဲ့ နောက်အချက်တစ်ခုက အခြားသူတွေကို အားကျစိတ်နဲ့ ဆုံးဖြတ်လိုက်ရာက ရေတိုမှာ မှန်ကန်သလိုရှိပေမယ့် ရေရှည်မှာကျတော့ ကိုယ့်ရဲ့ဝါသနာ၊ စရိုက်တွေနဲ့ အံဝင်ခွင်ကျမဖြစ်တော့ဘဲ ကျွမ်းကျင်မှု၊ တိုးတက်မှု၊ အောင်မြင်မှု၊ ကျေနပ်မှုဆိုတာတွေ ပျောက်ဆုံးသွားတတ်ပါတယ်။ ကိုယ့်ရဲ့ ဆုံးဖြတ်ရွေးချယ်မှုဟာ ကိုယ့်ဘဝတစ်လျှောက် အောင်မြင်ရေးကို အထောက်အကူဖြစ်ဖို့ လိုပါတယ်။

ကိုယ်လိုချင်တဲ့ ရည်မှန်းချက်ကို တစ်ဆင့်တည်းနဲ့ မရနိုင်တဲ့အခါ အဆင့်လိုက်ကူးပြီး ကြိုးစားသွားတဲ့သူတွေကိုလည်း တွေ့ဖူးပါတယ်။ ဒီတော့ အခြေအနေအမျိုးမျိုးအောက်မှာ လတ်တလော အမြင်၊ အပေါ်ယံအမြင်နဲ့ ဆုံးဖြတ်လိုက်ပြီး နောင်တစ်ချိန်မှာ ပြန်ပြင်မယ်ဆိုရင် အချို့ ရွေးချယ်မှုတွေဟာ ပြင်ဖို့ခက်ခဲတာတွေ ဖြစ်တတ်ပါတယ်။ ဆိုတော့ ကျွမ်းကျင်သူတွေ၊ သိနားလည်တဲ့သူတွေနဲ့ တိုင်ပင်စဉ်းစားဆုံးဖြတ်မယ်ဆိုရင် ဘဝနဲ့ဆန္ဒ အနီးစပ်ဆုံးကိုက်ညီတဲ့ ဆုံးဖြတ်ချက် ဖြစ်လာမှာပါ။

**ချင့်ချိန်စဉ်းစားသင့်သော အချက်များ**

ကျောင်းသားတစ်ယောက်ဟာ ဘယ်တက္ကသိုလ်တက်မယ်၊ ဘာမေဂျာယူမယ်ဆိုတဲ့ စဉ်းစားဆုံးဖြတ်ပုံချင်းကတော့ တစ်ယောက်နဲ့ တစ်ယောက် မတူကြပါဘူး။ တချို့က သူ့ဘဝအတွက် အလုပ်အကိုင် အဆင်ပြေစေမယ့်လိုင်းကို ဦးစားပေးရွေးချယ်ကြပါတယ်။ တချို့ကတော့ သူစိတ်ဝင်စားတဲ့ဘာသာရပ်ကို အဓိကထားရွေးချယ်တတ်ကြပါတယ်။ အများစုကတော့ ကိုယ်လည်း စိတ်ဝင်စား၊ အလုပ်အကိုင်လည်း အဆင်ပြေ၊ တိုးတက်မှုလည်း ရှိမယ်ဆိုတဲ့ တက္ကသိုလ်နဲ့ မေဂျာကိုပဲ ရွေးချယ်တတ်ကြပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးတီထွင်ဆန်းသစ်မှုဆိုင်ရာဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးတီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးဌာနမှ Hybrid စနစ်ဖြင့် ဦးဆောင်ကျင်းပသော နိုင်ငံအဆင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအဖွဲ့ (National Tourism Professional Board–NTPB) နှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ (Tourism Professional Certification Board–TPCB) ဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည်။ **(အပေါ်ယာပုံ)**




ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ NTPB နှင့် TPCB အဖွဲ့ဝင်ဖြစ်သော ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်၊ အရှေ့တောင်အာရှဒေသတွင်း သင်ကြားရေးစင်တာများ ဖွင့်လှစ်ရေးဆိုင်ရာ ပညာရေး ဝန်ကြီးများအဖွဲ့၊ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနအဖွဲ့မှ Speaker များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ NTPB နှင့် TPCB အဖွဲ့ဝင်များနှင့် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံစီးပွားရေး အသိုက်အဝန်းပေါင်းစည်းရေးကို အရှိန်အဟုန်မြှင့်တင်ရန်ဆောင်ရွက်ရာ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုမှု အကောင်အထည်ဖော်ရေးဆိုင်ရာ ဒေသတွင်း အတွင်းရေးမှူးရုံးတို့အနေဖြင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်အလုပ်သမားများနှင့် ခရီးသွားလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်နေသူများအတွက် အာဆီယံခရီးသွားလုပ်ငန်း အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် တွန်းအားပေး မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ASEAN Master Trainer နှင့် ASEAN Master Assessor များ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အာဆီယံ–ဩစတြေးလျဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်တွင် Freelance Professionals များအတွက် ဆရာဖြစ်သင်တန်း အစီအစဉ်များ ပံ့ပိုးပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပါဝင်ဆွေးနွေးပြောကြားသည်။

ယင်းနောက် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရာ၌ လိုအပ်သည့် အခြေခံအရင်းအမြစ်များ တည်ဆောက်မှုများ၊ NTPB နှင့် TPCB များ၏ အခန်းကဏ္ဍ၊ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စနှင့် ခရီးသွားလုပ်ငန်း၏ အနာဂတ်လုပ်ငန်းစဉ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရ၊ ပုဂ္ဂလိက ကျွမ်းကျင်ပညာရှင်များက ဦးဆောင်ဆွေးနွေးကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ NTPB နှင့် TPCB ကိုယ်စားလှယ်များက နိုင်ငံအလိုက် NTPB နှင့် TPCB အဖွဲ့များဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်မှုစံနှုန်းများကို အခြေခံသည့် National Trainers နှင့် Assessors သင်တန်းများ ပို့ချပေးနေမှုများ၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနေမှု အခြေအနေများ၊ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုစံနှုန်းနှင့် အာဆီယံခရီးသွားလုပ်ငန်းဘုံသင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ အတွေ့အကြုံကောင်းများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးဖလှယ်ကြသည်။

အဆိုပါ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါင်းစည်းမှုကို အထောက်အကူဖြစ်စေသည့် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်မှုတွင် NTPB နှင့် TPCB အဖွဲ့များ၏ အတွေ့အကြုံကောင်းများ မျှဝေနိုင်ရန်နှင့် ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိရစ္ဆာန်အစာပင် မွန်ဘားဆားမြက် သရုပ်ပြစိုက်ပျိုး

**ပျဉ်းမနား ဇွန် ၂၄**

ပျဉ်းမနားမြို့နယ် ကံဦးကျေးရွာ၌ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် မွန်ဘားဆားမြက် သရုပ်ပြစိုက်ပျိုးခြင်းကို ဇွန် ၂၃ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကိုကိုစန်းမောင်က နွေရာသီ တိရစ္ဆာန်အစာရှားပါးသည့်အချိန်တွင် ကျွဲ၊ နွား၊ တိရစ္ဆာန်များ အစာအာဟာရလုံလောက်စေရန်၊ လွတ်ကျောင်းစရာမလိုဘဲ ခြံလှောင်မွေးမြူပြီး ရိတ်ကျွေးနိုင်စေရန်၊ အစာအတွက် ကုန်ကျစရိတ်သက်သာပြီး အမြတ်အစွန်းပိုမိုရရှိစေရန်၊ ပိုလျှံသော မြက်များကို အစာချဉ်ဖတ်ပြုလုပ်၍ အစာရှားပါးချိန်တွင် ကျွေးမွေးနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရခြင်းဖြစ်ကြောင်း ပညာပေးဆွေးနွေးသည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အဲဒီလို ရွေးချယ်နိုင်ဖို့ အောက်ပါအကြံပြုချက်တွေနဲ့ ချင့်ချိန်စဉ်းစားနိုင်ပါတယ် –

၁။ **ဘဝရည်မှန်းချက်။** ဘဝရည်မှန်းချက်ဆိုတာကတော့ အရေးကြီးဆုံးပါပဲ။ အချို့ဆို ကျောင်းသားရော၊ မိဘတွေကရော တက္ကသိုလ်ဝင်တန်းမဖြေခင်ကတည်းက ရည်မှန်းချက် ရှိပြီးသားပါ။ ဥပမာ– ဆရာဝန်ဖြစ်ချင်တယ်၊ အင်ဂျင်နီယာဖြစ်ချင်တယ် စသဖြင့်ပေါ့။ အချို့လည်း ဘဝရည်မှန်းချက် ငယ်ငယ်ကတည်းက ရှိပေမယ့် လိုချင်တာသာရှိပြီး လုံလောက်တဲ့ကြိုးစားအားထုတ်မှုမရှိပြန်ဘူး။ အချို့ကတော့ စာမေးပွဲအောင်ပြီးမှ ရတဲ့အမှတ်ကိုကြည့်ပြီး ဆုံးဖြတ်ကြတယ်။ ဘဝရည်မှန်းချက်နဲ့ ပတ်သက်လို့ အမျိုးမျိုးရှိကြပေမယ့် ဆယ်တန်းအောင်ပြီးလို့ အဆင့်မြင့်ပညာရေးနဲ့ သက်မွေးပညာ ရွေးချယ်ရာမှာတော့ ဘဝရည်မှန်းချက်ဆိုတာ အရေးကြီးလာပါတယ်။ ဘဝကို ရေစုန်မျှောပြီး အမှတ်မီတဲ့လိုင်း တက်တာပေါ့ကွာဆိုပြီး ပေါ့ပေါ့ဆုံးဖြတ်လိုက်ရင် ဘဝဟာလည်း ဦးတည်ချက်မဲ့ပြီး ရောက်ချင်ရာရောက်သွားနိုင်ပါတယ်။ ဒီတော့ တက္ကသိုလ်တက်ဖို့ စဉ်းစားဆုံးဖြတ်ရာမှာ ငါ ဘာရည်မှန်းထားသလဲ၊ ဘာကြောင့် တက္ကသိုလ်တက်တာလဲ၊ ဘာဝါသနာပါသလဲ၊ ဘယ်လို အလုပ်အကိုင်မျိုးမျှော်မှန်းထားသလဲဆိုတဲ့ မေးခွန်းတွေဖြေဖို့ ကိုယ့်ရဲ့ဘဝရည်မှန်းချက်ကို သိဖို့၊ ချမှတ်ဖို့ လိုအပ်ပါတယ်။

၂။ **စိတ်ဝင်စားမှု။** ဘာသာရပ်တစ်ခု၊ အသက်မွေးဝမ်းကျောင်းပညာတစ်ခု ရွေးချယ်ရာမှာ ကိုယ့်ရဲ့စိတ်ဝင်စားမှုတွေကလည်း အရေးပါပါတယ်။ ကိုယ်စိတ်မဝင်စားတဲ့ ဘာသာရပ်တစ်ခုကို ရွေးချယ်မိရင် သင်ကြားလေ့လာရာမှာ စိတ်ပါဝင်စားမှုမရှိလို့ အဲဒီဘာသာရပ်မှာ ထူးချွန်ထက်မြက်ဖို့ ခက်ခဲနိုင်ပါတယ်။ အဲဒီတော့ ကိုယ်စိတ်ပါဝင်စားတဲ့ ဘာသာရပ်ကို လေ့လာသင်ကြားမှ ထူးချွန်ထက်မြက်တာ၊ ကျွမ်းကျင်တာနဲ့ အောင်မြင်မှုတွေ ရရှိမှာပါ။

၃။ **မိမိအရည်အချင်းများ။** ကိုယ်က ဘယ်ဘာသာတွေမှာ တော်တယ်၊ စိတ်ဝင်စားတယ်၊ ဘယ်ဘာသာရပ်တွေမှာ အားနည်းချက်ရှိတယ်ဆိုတဲ့ ကိုယ့်ရဲ့အားသာချက်၊ အားနည်းချက်ကို သိထားမယ်ဆိုရင် တက္ကသိုလ်တက်ဖို့ ဘာသာရပ်ရွေးချယ်ရာမှာ အထောက်အကူဖြစ်စေပါတယ်။ ဒါပေမယ့် အခြေခံပညာမှာ သင်ကြားခဲ့တဲ့ ဘာသာရပ်တွေနဲ့တိုင်းတာပြီး တစ်သမတ်တည်း ယူဆလို့ မရပါဘူး။ တက္ကသိုလ်မှာက အခြေခံပညာလိုမဟုတ်ဘဲ သာသာရပ်မျိုးစုံရှိနေတာမို့ ကိုယ်နဲ့ကိုက်ညီနိုင်တဲ့ အခြားဘာသာရပ်တွေ ရှိနေနိုင်ပါတယ်။ အဲဒီထဲကမှ ကိုယ်နဲ့ကျွမ်းဝင်မှုမရှိတဲ့ ဘာသာရပ်တွေကို ရွေးမယ်ဆိုရင်တော့ အဲဒီဘာသာရပ်နဲ့ ပတ်သက်တဲ့ ကျွမ်းကျင်သူတွေ၊ အဲဒီဘာသာရပ် တက်နေသူတွေဆီမှာ ဂဃနဏ မေးမြန်းစုံစမ်းပြီး ကိုယ်ရဲ့အရည်အချင်းနဲ့ကိုက်ညီမှ ရွေးချယ်သင့်ပါတယ်။

၄။ **အနာဂတ် အလုပ်အကိုင်ရရှိနိုင်မှု။** တက္ကသိုလ်ဝင်တန်းအောင်ပြီးလို့ ဘာသာရပ်ရွေးချယ်ရာမှာ ကိုယ်ရွေးချယ်လိုက်တဲ့ဘာသာရပ်နဲ့ ဘွဲ့ရပြီးရင် အလုပ်အကိုင်ရနိုင်တဲ့ မျှော်လင့်ချက်ကိုလည်း ထည့်ပြီးစဉ်းစားကြရပါတယ်။ ကိုယ်ရွေးလိုက်တဲ့ ဘာသာရပ်နဲ့ အလုပ်ရနိုင်မလား၊ အလုပ်ရှာလို့ လွယ်မလား၊ တိုးတက်မှုရှိနိုင်သလားဆိုတာက ဘဝရပ်တည်ရေးအတွက် အရေးကြီးပါတယ်။ ကိုယ်ကြိုက်တဲ့ ဘာသာတော့ ယူလိုက်တယ်၊ ဘွဲ့ရပြီး အလုပ်အကိုင်ရဖို့ မလွယ်ဘူးဆိုရင်လည်း အဆင်မပြေနိုင်ပါဘူး။ အလုပ်အကိုင်ရနိုင်တဲ့ ဘာသာတွေကိုပဲ ရွေးပြီး တက်ကြလွန်းလို့ တချို့ဘာသာရပ်တွေမှာဆို တက်မယ့် ကျောင်းသားမရှိဘူးဆိုတဲ့ သတင်းလည်း ဖတ်ရပါတယ်။ ဒါကတော့ ခေတ်အခြေအနေအရလို့ ဆိုရမှာပေါ့။ ကျောင်းသားအနေနဲ့ကတော့ ကိုယ်လည်းဝါသနာပါ၊ ဘဝရည်မှန်းချက်လည်းရှိ၊ အလုပ်အကိုင်ရနိုင်ဖို့ အခွင့်အလမ်းများတာလည်း ဖြစ်မယ်ဆိုရင် အကောင်းဆုံးဖြစ်မှာပါ။

၅။ **ငွေကြေး။** ငွေကြေးဆိုတာကတော့ ကိုယ်ရတဲ့အမှတ်နဲ့လည်း မီတယ်၊ ကိုယ်လည်း တက်ချင်ပေမယ့် ကိုယ့်အိမ်ရဲ့ ငွေကြေးအခက်အခဲရှိတတ်ကြပါတယ်။ အခြားနိုင်ငံက တက္ကသိုလ်တွေမှာတော့ ငွေကြေးထောက်ပံ့တဲ့ အစီအစဉ်တွေ ရှိကြပါတယ်။ ဒီမှာတော့ ကိုယ့်အားကိုယ်ကိုးရတော့ ကျောင်းစရိတ် အဆင်ပြေ/မပြေဆိုတာကို ထည့်စဉ်းစားရပါတယ်။ အခုနောက်ပိုင်း ကျောင်းစရိတ် တာဝန်ယူပေးတဲ့ သူတွေ၊ လူမှုအဖွဲ့အစည်းတွေ ရှိနေပါပြီ။ ငွေကြေးအခက်အခဲကြောင့် အချို့ရဲ့ ရည်မှန်းချက်တွေဟာ အကန့်အသတ်ဖြစ်လာတတ်တာမို့ ဒီအခက်အခဲကိုဖြေရှင်းနိုင်မယ့် နည်းလမ်းနဲ့ အခြားအခွင့်အလမ်းတွေကို ချိန်ဆစဉ်းစားဖို့ ဖြစ်ပါတယ်။

၆။ **ကျွမ်းကျင်သူ၊ အတွေ့အကြုံရှိသူများနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အကြံပြုချင်တဲ့ နောက်ဆုံးတစ်ချက်ကတော့ ကျွမ်းကျင်သူတွေ၊ အတွေ့အကြုံရှိသူတွေနဲ့ တိုင်ပင်ဆွေးနွေးဖို့ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဆက်ပြီးသင်ယူမယ့် ဘာသာရပ်ရွေးဖို့ အသက်မွေးပညာကျောင်းရွေးဖို့ အကြံပြုရေးသားတာတွေဟာ တကယ်တော့ ယေဘုယျသာ ဖြစ်ပါတယ်။ အားလုံးနဲ့ ကိုက်ညီချင်မှ ကိုက်ညီမှာပါ။ တစ်ဦးချင်းရဲ့ အခြေအနေအလိုက် မတူညီတာတွေ အများကြီးရှိနေဦးမှာ သေချာပါတယ်။ ဒီတော့ တစ်ဦးချင်းရဲ့အခြေအနေအလိုက် အကောင်းဆုံး ရွေးချယ်ဆုံးဖြတ်ဖို့ လိုပါတယ်။ ကျွမ်းကျင်သူတွေ၊ အတွေ့အကြုံရှိတဲ့သူတွေနဲ့ ဆွေးနွေးတိုင်ပင်ခြင်းအားဖြင့် တစ်ဦးချင်းရဲ့ အားသာချက်၊ အားနည်းချက်အလိုက် စဉ်းစားဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ။

# ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေး တက်ရောက်

**နေပြည်တော် ဇွန် ၂၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် ပူးတွဲသဘာပတိများအဖြစ် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Chem Widhya နှင့် မလေးရှားနိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ် H.E Dato’ Zainuddin Yahya တို့က ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများက ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်(Eminent Person-EP)များ၊ အဆင့်မြင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်သည်။




အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေး အစီရင်ခံစာအပေါ် လမ်းညွှန်မှုပေးခြင်း၊ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးအတွက် သက်ဆိုင်သူအားလုံး (Stakeholders) နှင့် ဆွေးနွေးမည့်အစီအစဉ်၊ အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင်၊ စီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်နှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်တို့မှ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်တွင် ထည့်သွင်းမည့် အဓိကအချက်များ (Core Elements) နှင့် အာဆီယံအဖွဲ့အစည်း ခိုင်မာစေခြင်းနှင့် စွမ်းဆောင်ရည် အားကောင်းစေရေးအတွက် အင်ဒိုနီးရှားနိုင်ငံ၏ အကြံပြုချက်စာတမ်းနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ပြုစုထားသည့် သဘောတရားစာတမ်းတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်တွင် ထည့်သွင်းနိုင်ရန်အတွက် အဆိုပြုချက်များ ပေးပို့ထားပြီးဖြစ်ကြောင်း၊ အဆိုပြုချက်များကို အာဆီယံပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် အခြေခံမူများနှင့်အညီ လက်ရှိအာဆီယံအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှုနှင့် ကာလလယ် သုံးသပ်ချက်ကိုအခြေခံ၍ ဆက်လက်ဆောင်ရွက်သင့်သည့်အချက်များ၊ ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် စီးပွားရေးအခြေအနေ တိုးတက်ပြောင်းလဲမှု၊ အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ ကမ္ဘာ့ကပ်ရောဂါများနှင့်ဆိုင်သည့် အသစ်ပေါ်ထွန်းလာနိုင်ဖွယ်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့်အချက်များ၊ ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်း ပိုမိုစည်းလုံးသည့် အားလုံးပါဝင်သောတုံ့ပြန်နိုင်မှုအားကောင်းသည့် အဖွဲ့အစည်းအဖြစ်နှင့် အာဆီယံ၏ အချက်အချာကျမှုနှင့် ဦးဆောင်မှုမြှင့်တင်နိုင်မည့် အချက်များကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အဓိကအရေးကြီးသည့် အခြေခံမူမှာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူဘောင်နှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်းတို့ကို အကြံပြုဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံ၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင်၊ စီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်နှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်တို့မှ အဆင့်မြင့်ကိုယ်စားလှယ်များလည်း တက်ရောက်သည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပခုက္ကူ | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၀ | ၂၂၃၀ | ၂၂၅၀ | ၂၂၃၅ | ၂၂၁၅ | ၂၃၁၀ | ၂၃၂၅ | ၂၂၂၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၉၀ | ၂၇၇၅ |
| 95 Ron | ၂၂၇၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၃၂၀ | ၂၃၄၅ | ၂၃၃၀ | ၂၃၀၅ | ၂၄၀၀ | ၂၄၁၅ | ၂၃၁၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၆၀ | ၂၃၆၀ | ၂၅၈၀ | ၂၈၂၅ |
| HSD (500 ppm) | ၂၆၃၀ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၅ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၅ | ၂၉၃၀ | ၂၉၆၅ |
| HSD (50 ppm) | ၂၆၅၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၀ | ၂၉၆၀ | ၂၉၉၅ |
| HSD (10 ppm) | ၂၆၅၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၀ | ၂၉၆၀ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၁ | ၂၁၅၆ |
| 95 Ron | ၂၁၆၉ | ၂၂၄၆ |
| HSD (500 ppm) | ၂၅၁၁ | ၂၅၉၁ |
| HSD (50 ppm) | ၂၅၃၉ | ၂၆၁၉ |
| HSD (10 ppm) | ၂၅၃၉ | ၂၆၁၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဇွန် ၂၄**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကမ္ဘောဒီးယားနိုင်ငံ၏ ပဉ္စမအကြိမ် ဒေသန္တရရွေးကောက်ပွဲတွင် လက်ရှိအာဏာရပါတီက မဲအပြတ်အသတ်ဖြင့် အနိုင်ရ

ဖနောင်ပင် ဇွန် ၂၄

**ကမ္ဘောဒီးယားနိုင်ငံ၌ ဇွန် ၅ ရက်က ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဒေသန္တရရွေးကောက်ပွဲတွင် လက်ရှိအာဏာရပါတီဖြစ်သည့် ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီ(CPP)က အနိုင်ရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မတီက ဇွန် ၂၄ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာသည်။**



ကမ္ဘောဒီးယားနိုင်ငံ ဒေသန္တရရွေးကောက်ပွဲကျင်းပခဲ့သည့် ဇွန် ၅ ရက်က မဲရုံတာဝန်ခံများက မဲများ ရေတွက်နေစဉ်။

လာမည့် ငါးနှစ်တာသက်တမ်းကာလအတွက် နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒနယ်ပေါင်း ၁၆၅၂ နေရာတွင် ဒေသန္တရ ကောင်စီဝင် ၁၁၆၂၂ နေရာအတွက် ပါတီ ၁၇ ခုက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီသည် ၉၃၇၆ နေရာ (၈၀ ဒသမ ၆ ရာခိုင်နှုန်း) အနိုင်ရရှိခဲ့သည်။ အဓိက အတိုက်အခံပါတီတစ်ခုဖြစ်သည့် ကန်ဒယ်လိုက်တ်ပါတီက ၂၁၉၈ နေရာ(၁၈ ဒသမ ၉ရာခိုင်နှုန်း)၊ ဖန်စင်ပက်ပါတီက ၁၉ နေရာ၊ ခမာအမျိုးသားညီညွတ်ရေးပါတီက ၁၃ နေရာ၊ အခြေခံလူတန်းစား ဒီမိုကရက်တစ်ပါတီက ခြောက်နေရာ၊ ကမ္ဘောဒီးယားမျိုးချစ်ပါတီက ငါးနေရာ၊ ကမ္ဘောဒီးယားလူငယ်ပါတီက သုံးနေရာ၊ ကမ်ပူချီးနီယွမ်းပါတီနှင့် ဘီးဟိုက်ဆိုရှယ်ဒီမိုကရက်တစ်ပါတီတို့က တစ်နေရာစီ အနိုင်ရရှိခဲ့ကြောင်း အမျိုးသားရွေးကောက်ပွဲကော်မတီက ထုတ်ပြန်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် မဲပေးသူ ဦးရေ ၇ ဒသမ ၁၉ သန်းရှိခဲ့ပြီး မဲဆန္ဒရှင်စုစုပေါင်း ၉ ဒသမ ၂ သန်း၏ ၈၀ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ ရွေးကောက်ပွဲကို ငြိမ်းချမ်းစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီး ဆူပူဆန္ဒပြမှုများမရှိဘဲ လုံခြုံရေး၊ ဘေးကင်းရေးနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်သူများအနေဖြင့် ကောင်းမွန်စွာလိုက်နာဆောင်ရွက်ခဲ့ကြကြောင်း အမျိုးသားရွေးကောက်ပွဲကော်မတီဥက္ကဋ္ဌ ပရတ်ချန်းက ပြောကြားသည်။

ဒေသန္တရရွေးကောက်ပွဲသည် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးပါတီများ၏ လူကြိုက်များမှုအတွက် အကြိုစမ်းသပ်မှုပင်ဖြစ်သည်။

ဆင်ဟွာ

# ၂၀၂၂ ခုနှစ် လော်ရီရယ် - ယူနက်စကို အမျိုးသမီး သိပ္ပံပညာရှင်ဆုကို တရုတ်နိုင်ငံမှ အာရုံကြောသိပ္ပံပညာရှင် တစ်ဦးအပါအဝင် အမျိုးသမီး ပါမောက္ခငါးဦး ဆွတ်ခူးရရှိ

ပဲရစ် ဇွန် ၂၄





၂၀၂၂ ခုနှစ် လော်ရီရယ်- ယူနက်စကို အမျိုးသမီးသိပ္ပံပညာရှင်ဆု ဆွတ်ခူးရရှိသူ အမျိုးသမီးပါမောက္ခငါးဦးကို တွေ့ရစဉ်။

၂၀၂၂ ခုနှစ် လော်ရီရယ် – ယူနက်စကို အမျိုးသမီးသိပ္ပံပညာရှင်ဆုကို တရုတ်နိုင်ငံသူ အာရုံကြောသိပ္ပံပညာရှင် ဟူဟိုင်လန်နှင့် အခြားအမျိုးသမီး သိပ္ပံပညာရှင်လေးဦးတို့ ရရှိခဲ့ကြောင်း ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း (UNESCO)က ဇွန် ၂၃ ရက်တွင် ထုတ်ပြန်သည်။

ရှီကျန်းတက္ကသိုလ်ဆေးပညာဆိုင်ရာဌာန၏ အာရုံကြောသိပ္ပံဌာနမှ ပါမောက္ခနှင့် အမှုဆောင်ဒါရိုက်တာဖြစ်သူ ဟူဟိုင်လန်သည် ၎င်း၏ အာရုံကြောသိပ္ပံဆိုင်ရာ အထူးရှာဖွေတွေ့ရှိမှုဖြစ်သည့် စိတ်ကျရောဂါကုသရေးဆိုင်ရာ ဆေးဝါးသစ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ထုတ်နိုင်ခဲ့ခြင်းကြောင့် အဆိုပါဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂက မှတ်ချက်ပြုသည်။ ၎င်းနှင့်အတူ အခြားသော ဆုရရှိသည့် ပါမောက္ခလေးဦးမှာ ကျူးဘားနိုင်ငံသူ မာရီယာ ဂွတ်ဇ်မန်း၊ အမေရိကန်နိုင်ငံသူ ကတ်တလင်း ကရီကို၊ ရဝမ်ဒါနိုင်ငံသူ အက်ဂနက်စ် ဘင်နာဂွာဟိုနှင့် စပိန်နိုင်ငံသူ အိန်ဂျလာနီတိုတို့ ဖြစ်ကြောင်း ယူနက်စကိုက ထုတ်ပြန်သည်။

ဂွတ်ဇ်မန်းသည် အပူပိုင်း တုပ်ကွေး ခေါ် သွေးလွန်တုပ်ကွေးရောဂါ ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် ဦးဆောင်နိုင်မှုအတွက်လည်းကောင်း၊ ကရီကိုသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် RNA နည်းပညာဖွံ့ဖြိုးရေးတွင် ၎င်း၏ပံ့ပိုးကူညီမှုအတွက်လည်းကောင်း၊ ဘင်နာဂွာဟိုသည် အာဖရိကရှိ ထိခိုက်လွယ်ဆုံးသူများအတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု စနစ်အသစ်ကို ထူထောင်ရာတွင် ပါဝင်မှုနှင့် ကင်ဆာကုသမှုနှင့် ပတ်သက်၍ ၎င်း၏ရှာဖွေတွေ့ရှိမှုများအတွက်လည်းကောင်း အဆိုပါဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာကြီးသည် သိပ္ပံပညာကို လိုအပ်ကြောင်း၊ သိပ္ပံပညာကလည်း အမျိုးသမီးများကို လိုအပ်ကြောင်း၊ သိပ္ပံပညာသည် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများအတွက် ပို၍ကောင်းမွန်သည့် လမ်းကြောင်းများကို ဖွင့်လှစ်ပေးနိုင်ပြီး ယူနက်စကိုက သိပ္ပံပညာရေးဆိုင်ရာ အစီအစဉ်များတွင် လိင်ကွဲပြားမှုပုံစံများကို ဖယ်ရှားနိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိကြောင်း ယူနက်စကို ညွှန်ကြားရေးမှူးချုပ် အော်ဒရေ အဇူလေက ဆုပေးပွဲအခမ်းအနားတွင် ပြောကြားသည်။

ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ပြီးခဲ့သည့် နှစ်နှစ်အတွင်း ဆုပေးပွဲများကို မကျင်းပနိုင်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ဆုရရှိသူ ၁၀ ဦးတို့ကိုလည်း ယခုအခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ မှ စတင်၍ ယူနက်စကိုနှင့် လော်ရီရယ်ဖောင်ဒေးရှင်းတို့ပူးပေါင်းကာ သိပ္ပံပညာတွင် ကျားမရေးရာဟန်ချက်ညီမှုကို မြှင့်တင်ရန်နှင့် သိပ္ပံပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေး ငယ်ရွယ်သည့် အမျိုးသမီး မျိုးဆက်သစ်များကို လှုံ့ဆော်ပေးနိုင်ရန်အတွက် နှစ်စဉ် ထူးချွန်အမျိုးသမီး သိပ္ပံပညာရှင်ငါးဦးကို ဆုများချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# ဗီယင်နာမြို့သည် ကမ္ဘာ့နေထိုင်ရန်အသင့်တော်ဆုံးမြို့များစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်

**ဗီယင်နာ ဇွန် ၂၄**

ဩစတြီးယားနိုင်ငံ၏ မြို့တော် ဗီယင်နာသည် ကမ္ဘာပေါ်ရှိ နေထိုင်ရန် အသင့်တော်ဆုံးမြို့များအနက် ထိပ်ဆုံး၌ ရပ်တည်နေကြောင်း စီးပွားရေးဆိုင်ရာ လေ့လာဆန်းစစ်ရေးအဖွဲ့(EIU)၏ ဇွန်၂၃ ရက်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အသက်ရှင်နေထိုင်မှုဆိုင်ရာ အညွှန်းကိန်းများစာရင်းတွင် ဖော်ပြသည်။

ဗီယင်နာမြို့သည် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကလည်း EIU စာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည့် မြို့တစ်မြို့ဖြစ်ပြီး ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကိုဗစ်–၁၉ ဆိုင်ရာ ကန့်သတ်ချက်များကြောင့် အဆင့်လျော့ကျခဲ့သည်။ ယခုနှစ်တွင် ဗီယင်နာမြို့၏ တည်ငြိမ်မှုနှင့် ကောင်းမွန်သည့် အခြေခံအဆောက်အအုံစနစ်များအပြင် ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ယဉ်ကျေးမှုနှင့်ဖျော်ဖြေရေးဆိုင်ရာ အခွင့်အလမ်းများ ပေါကြွယ်ဝမှုတို့ကြောင့် ကမ္ဘာပေါ်ရှိ နေထိုင်ရန် အသင့်တော်ဆုံးမြို့တစ်မြို့အဖြစ် ထိပ်ဆုံးစာရင်းတွင် ပြန်လည်ရပ်တည်နိုင်ခဲ့သည်။

အနောက်ဥရောပနှင့် ကနေဒါနိုင်ငံတို့ရှိ မြို့များသည် ထိပ်ဆုံးစာရင်းတွင် လွှမ်းမိုးထားနိုင်ပြီး ဗီယင်နာမြို့အပြင် ကိုပင်ဟေဂင်၊ ဇူးရစ်၊ ကာဂါရီ၊ ဗန်ကူးဗားနှင့် ဂျီနီဗာမြို့များသည်လည်း ကမ္ဘာ့နေထိုင်ရန် အသင့်တော်ဆုံးမြို့များစာရင်းတွင် ရပ်တည်လျက်ရှိသည်။ ယင်းမြို့များ၏နောက်တွင် ဖရန့်ဖတ်၊ တိုရွန်တို၊ အမ်စတာဒမ်၊ အိုဆာကာနှင့် မဲလ်ဘုန်းမြို့များလည်းပါဝင်ပြီး အိုဆာကာနှင့် မဲလ်ဘုန်းမြို့တို့သည် အဆင့် ၁၀ ၌ အတူရပ်တည်နေသည့် မြို့နှစ်မြို့ဖြစ်ကြောင်း စီးပွားရေးဆိုင်ရာ လေ့လာဆန်းစစ်ရေးအဖွဲ့(EIU)က ထုတ်ပြန်သည်။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများဖြစ်သည့် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၊ နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့နှင့် လစ်ဗျားနိုင်ငံ ထရီပိုလီမြို့၊ အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျာမြို့နှင့် ပါကစ္စတန်နိုင်ငံ ကရာချီမြို့တို့သည် ကမ္ဘာ့နေထိုင်ရန် အဆိုးဆုံးမြို့များအဖြစ် အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြသည်။

စီးပွားရေးဆိုင်ရာ လေ့လာဆန်းစစ်ရေးအဖွဲ့၏ အဆိုပါအစီရင်ခံစာသည် ကမ္ဘာတစ်ဝန်းရှိ မြို့ပေါင်း ၁၇၂ မြို့တို့၏ တည်ငြိမ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်၊ ပညာရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ကောင်းမွန်မှုဟူသည့် အချက်ငါးချက်အပေါ် အခြေခံ၍ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# တရုတ်(တိုင်ပေ)၌ မေလအတွင်း အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၆၈ ရာခိုင်နှုန်းအထိမြင့်တက်

**တိုင်ပေ ဇွန် ၂၄**

တရုတ်(တိုင်ပေ)ကျွန်း စာရင်းအင်းဆိုင်ရာအေဂျင်စီ၏ အချက်အလက်များအရ တရုတ်(တိုင်ပေ)၏ အလုပ်လက်မဲ့မှုနှုန်းသည် မေလအတွင်း ၃ ဒသမ ၆၈ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလကထက် ပိုမိုမြင့်တက်လာကြောင်း ထုတ်ပြန်သည်။

တရုတ်(တိုင်ပေ)ကျွန်း၌ မေလအတွင်း အလုပ်လက်မဲ့ဦးရေ စုစုပေါင်း ၄၃၄၀၀၀ ရှိပြီး လွန်ခဲ့သည့် ဧပြီလကထက် လူဦးရေ ၅၀၀၀ (၁ ဒသမ ၁၉ ရာခိုင်နှုန်း)ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်ကာ ဧပြီလမှစ၍ ကိုဗစ်–၁၉ ကူးစက်မှုနှုန်းပြန်လည်မြင့်တက်လာသည့်အတွက် အလုပ်လက်မဲ့နှုန်းလည်း ပြန်လည်မြင့်တက်လာခြင်း ဖြစ်သည်။

ရောဂါစောင့်ကြည့်ရေးအေဂျင်စီ၏ အချက်အလက်များအရ တရုတ်(တိုင်ပေ)တွင် ကိုဗစ်– ၁၉ ရောဂါ ဒေသတွင်းကူးစက်ဖြစ်ပွားသူ ၃ ဒသမ ၄ သန်းကျော်ရှိခဲ့သည်။ ကိုဗစ်–၁၉ ကပ်ရောဂါ ရိုက်ခတ်မှုကြောင့် ကုမ္ပဏီပေါင်း ၂၅၀၀ ခန့်မှ အလုပ်သမား ၁၆၀၀၀ နီးပါးသည် လုပ်ခလစာရရှိခဲ့ခြင်းမရှိကြောင်း အလုပ်သမားရေးရာအာဏာပိုင်အဖွဲ့က ဆိုသည်။

ဆင်ဟွာ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်နေ ဇော်မင်းအောင်(ခ)ဇော်ကြီးသည် ၎င်းအသုံးပြုသည့် “Zaw Min Aung” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာနေ ထွန်းဇော်သည် ၎င်းအသုံးပြုသည့် “Htun Zaw” Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာနေ နွဲ့နွဲ့ဝင်းသည် ၎င်းအသုံးပြုသည့် “Nwe Nwe Win” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွာဘဲရပ်ကွက်နေ ဖြူဖြူအောင်သည် ၎င်းအသုံးပြုသည့် “Phyu Phyu Aung” Facebook အကောင့်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဇေယျာသီရိရပ်ကွက်နေ ရဲရင့်သူသည် ၎င်းအသုံးပြုသည့် “Ko Ye” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ခင်သကြီန်(ခ)မွန်မွန်နှင့် အမှတ်(၈) ရပ်ကွက်နေ လွင်လွင်အောင်တို့သည် ၎င်းတို့အသုံးပြုသည့် “Mon Mon” Facebook အကောင့်နှင့် “Lwin Lwin Aung” Facebook အကောင့်နှင့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကြိမ်နီတောင်ကျေးရွာနေ စိုးသဇင်နွဲ့(ခ)ရိုကိုင်ရာသည် “Yo Kai Ya” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ကျောဖုံးမှ*

မွန်ပြည်နယ် သထုံမြို့နယ် ရှမ်းစုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကြီးပင်တဲကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းတို့၌ ကျောင်းသားကျောင်းသူများ ပညာရည်သင်ကြားရေးကို အနှောင့်အယှက် ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများက ခြိမ်းခြောက်စာများ ကပ်သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး ဖယ်ရှား ရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၏ လက်ကိုင်ဖုန်းအတွင်းသို့ **“ကျောင်း ဆက်လက်မတက်ဖို့ မေတ္တာရပ်ခံ သတိပေးအပ်ပါတယ်။ ကျွန်တော်တို့၊ ကျွန်မတို့၏ သတိပေးမှုကို အလေးမထားဘဲ ရှေ့ဆက်မည်ဆိုပါက ဆရာမကြီးနှင့် ဆရာမကြီး၏မိသားစု အသက်အန္တရာယ်အား တာဝန်ယူမည်မဟုတ်”** ဟု ခြိမ်းခြောက်စာ ပေးပို့ခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြိမ်းခြောက်စာပေးပို့သူအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာရှိ အခြေခံပညာအထက်တန်း



ဖိုးသီးထိမှန်ပျက်စီးခဲ့သည့် နေအိမ်များမှ မိသားစုဝင်များအား ထောက်ပံ့ပေးစဉ်။

ကျောင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်း၏ အနောက်ဘက် လမ်းသွယ်အတိုင်း ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက လက်လုပ်အသံဖိုး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် KG ဆောင်နှင့် Grade-1 စာသင်ဆောင် နောက်ကျောဘက်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့် ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း မပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ဒဏ်ရာရရှိသူ ဒေါ်မိုးမိုးအောင်အား ဆေးကုသပေးနေမှု။


❖ *ကျောဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က ချောင်းဦးတောင်ရပ်ကွက် ချောင်းဦး-အမြင့်လမ်းဆုံဘက်မှနေ၍ ချောင်းဦးမြို့တွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက် ရမ်းသမ်းပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုကြောင့် တမာမြိုင်ရပ်ကွက်ရှိ လူနေအိမ်များပေါ်သို့ လက်လုပ်စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါရပ်ကွက်နေသူများဖြစ်သည့် မြို့နယ်စည်ပင်သာယာဦးစီးဌာနမှ စာရေးဝန်ထမ်းဖြစ်သူ ဒေါ်ဝါဝါမိုး(၂၃)နှစ် (ဘ)ဦးကြည်လွင်နှင့် ဒေါ်ပေါက်ပေါက် (ခ) ဒေါ်ထားထားနွယ်(၅၀)နှစ် (ဘ)ဦးငွေးတို့တွင် ဖိုးစထိမှန်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ပြီး ဦးကြည်လွင်(၅၀)နှစ် (ဘ)ဦးချစ်အောင်၊ ပညာရေးဝန်ထမ်းဖြစ်သူ ဦးမောင်မောင်ကျော်(၄၁)နှစ် (ဘ)ဦးဉာဏ်ရှိန်၊ ဒေါ်နွယ်စန်း(၅၃)နှစ် (ဘ) ဦးဘိုလေးနှင့် ဒေါ်မိုးမိုးအောင်(၃၅)နှစ်တို့တွင် ဖိုးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ချောင်းဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် မြို့ရွာများအတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ကာ အပြစ်မဲ့ပြည်သူများအား ထိခိုက်ဒဏ်ရာရရှိ သေဆုံးစေခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ စာသင်ကျောင်းအတွင်း ခြိမ်းခြောက်စာ လာရောက်ကပ်သွားမှု။



မွန်ပြည်နယ် သထုံမြို့နယ်၌ စာသင်ကျောင်းအတွင်း ခြိမ်းခြောက်စာ ရေးသွားမှု။



မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ စာသင်ကျောင်းအား လက်လုပ်ဖိုးဖြင့် ပစ်ပေါက်မှု။

## ဇွန် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၄ ရာခိုင်နှုန်းရှိ

(၂၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၄၁,၉၆၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၅၃၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၂၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၆) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၄၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၀၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၆၇) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၉၅၅) ခု | (၂) ဦး |
| စုစုပေါင်း | (၄,၃၈၄) ခု | (၆) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

---

မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

(၂၄-၆-၂၀၂၂)

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇွန် ၂၄ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီလေးခုမှ Mumfer Tablet ၃၀၄၅ ခု၊ Medimox-CV 625 Tablet ၂၁၆၃ ခု၊ Panzol Tablet ၁၅၇၅၀၊ Relcer Gel ၁၂၉၅၇ ခု၊ Momate-S Ointment ၁၄၇၀၊ Adcarp Injection ၅၀၀၊ Adpaxil Injection ၁၇၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၄၃၆ မျိုး စုစုပေါင်း ၃၀၀၆၄ ဒသမ ၉၆ KG၊ နယ်စပ်(ချင်းရွှေဟော်) တွင် ကုမ္ပဏီတစ်ခုမှ Hanma Disposable Syringe (3ml) ၆၀၀၀၊ Hanako Infsion Set ၈၀၄၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇွန် ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၅၅၀၊ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၃၆၀၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ဒေသခံပြည်သူ ၅၇၈၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၂၅၄၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၀၂၂၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၇၅၇ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ပါခွေမြို့၌ ကျောင်းသား ကျောင်းသူ ၂၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဝမ်တိန်နယ်စပ်ဂိတ် စမတ်စိစစ်ရေးစက် စမ်းသပ်မှုအောင်မြင်ပြီး စတင်အသုံးပြုနိုင်တော့မည်

**နေပြည်တော် ဇွန် ၂၄**

ယခုရက်ပိုင်းအတွင်း ဝမ်တိန်နယ်စပ်ဂိတ်သည် စမတ်စိစစ်ရေးစက် တပ်ဆင်ကာ ပထမဆုံး အကြိမ်အဖြစ် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တစ်ဆင့်တိုးမြှင့်တင်ပြီးသည့် စမတ်စိစစ်ရေးစက်သည် Ergonomic စံချိန်စံနှုန်းအတိုင်း ဒီဇိုင်းပြုလုပ်ကာ အရှေ့ဘက်ခုံစစ်ဆေးရေး တပ်ဆင်မှုစက်ကိရိယာကို တစ်စုတစ်စည်းတည်း ပေါင်းစပ်ထားသည်။




စီမံခန့်ခွဲမှုနှင့် အသုံးပြုမှုဆိုင်ရာ သိပ္ပံနည်းကျသော လူသားနှင့် ၎င်းစက်ကိရိယာတို့ ဘေးကင်းစွာ အပြန်အလှန် ဆက်သွယ်နိုင်ပြီး စမတ်စိစစ်ရေးစက်တပ်ဆင်ကာ ပထမဆုံး စမ်းသပ်နိုင်ရန်၊ နယ်စပ်ဂိတ်ပေါက် စစ်ဆေးရေး အခြေခံအဆောက်အဦ ပြည့်စုံရန်၊ ဒစ်ဂျစ်တယ် သတင်းအချက်အလက်များ အသုံးချမှုကို မြှင့်တင်ရန်၊ ခရီးသည် ပြည်ဝင်ပြည်ထွက် ရှင်းလင်းရေးစွမ်းဆောင်ရည်ကို မြှင့်တင်ပြီးနောက်တစ်ဆင့် တရုတ်-မြန်မာ နယ်စပ်စစ်ဆေးရေးလုပ်ငန်းအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကိုချမှတ်ရန် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ရွှေလီမီဒီယာစင်တာက သတင်းထုတ်ပြန်ထားသည်။ **သီရိ**

## ဟောင်ကောင်ဆွေးနွေးပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ရန် ဖိတ်ခေါ်

**နေပြည်တော် ဇွန် ၂၄**

ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ အစိုးရအဖွဲ့အစည်းဖြစ်သည့် Invest HK ၏စီစဉ်မှုဖြင့် Startmeup HK Festival ကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး FinTech Week 2022 ကိုလည်း ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ် အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲများကို Hybrid ပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ကာ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်မည်ဖြစ်သည်။ Startmeup HK Festival နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို http://www.startmeup.hk/startmeuphk-festival- 2022/ တွင် လေ့လာနိုင်သည်။ Hong Kong FinTech Week 2022 အတွက် http://www.fintechweek.hk/pre-register-2022 တွင် ကြိုတင်မှတ်ပုံတင်စာရင်း ပေးသွင်းရမည်ဖြစ်သည်။ **သီရိ**

## ပြည်ပဈေးကွက် ပိုမိုရရှိရန် ထောပတ်တောင်သူများ ကြိုးပမ်းလာ

မြန်မာ့ထောပတ်သီးများကို ပြည်ပသို့ တင်ပို့လျက်ရှိရာ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၂၃၀၀ ကျော် (တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၅၆ သန်းခန့်) တင်ပို့နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းများအရ သိရှိရသည်။

မြန်မာနိုင်ငံ၌ ထောပတ်သီးများကို ရှမ်းပြည်နယ်တောင်ပိုင်းဒေသများနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တို့တွင် ရေးယခင်ကတည်းက အိမ်ခြံဝင်းများအတွင်း စိုက်ပျိုးကြပြီး ၂၀၁၈ ခုနှစ်မှစတင်၍ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ အရည်အသွေးကောင်းမျိုး ခြောက်မျိုးခန့်ကို မျိုးကိုင်းများတင်သွင်း၍ မြန်မာနိုင်ငံထောပတ်အသင်းမှဦးဆောင်ကာ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများဖြင့် ကိုင်းဆက်ပင်များကို ကေအလိုက်စိုက်ပျိုးလာကြသည်။ ၎င်းမျိုးများမှ ကမ္ဘာ့ဈေးကွက် ဝယ်လိုအားအရှိဆုံး HASS မျိုးများကို အဓိကစိုက်ပျိုးလာကြကြောင်း ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၏ သတင်းအချက်အလက်များအရ သိရသည်။

၂၀၂၁ ခုနှစ်တွင် ကိုင်းဆက်ပင်များမှ ထောပတ်သီးများစတင်ထွက်ရှိပြီး ကိုဗစ် -၁၉ ကပ်ရောဂါအခြေအနေကြောင့် ဈေးကွက်ကျဉ်းမြောင်းခဲ့သည်။ ပြည်တွင်းဈေးကွက်အတွင်း အွန်လိုင်းမှတစ်ဆင့် ဖြန့်ဖြူးရောင်းချခြင်း၊ ဈေးဝယ်စင်တာများတွင် ရောင်းချခြင်းမှစတင်၍ ထောပတ်သီးများ လူကြိုက်များလာခဲ့ပြီး ပြည်တွင်းဈေးကွက်၌ အောင်မြင်မှုရရှိခဲ့သည်ကို မြင်တွေ့ရသည်။ ထို့ပြင် ထိုင်းနိုင်ငံသို့လည်း တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်ပို့ခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။

ဈေးနှုန်းအနေဖြင့် ပြီးခဲ့သည့်နှစ် HASS နှင့် အခြားကိုင်းဆက်သီးများကို အရွယ်အစားနှင့်အရည်အသွေးပေါ်မူတည်၍ တစ်ကီလိုလျှင် ငွေကျပ် ၄၀၀၀ မှ ၆၅၀၀ ခန့်ဖြင့် ပြည်တွင်းဈေးကွက်များသို့ ရောင်းချပြီး ဒေသသီးများကို တာချီလိတ်ပွဲရုံများမှ တစ်ကီလိုလျှင် ငွေကျပ် ၁၇၀၀ မှ ၂၅၀၀ ခန့်ဖြင့် ဝယ်ယူပြီး ထိုင်းနိုင်ငံသို့ တင်ပို့ကြောင်း ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနမှ သိရသည်။

ယခု ၂၀၂၂ ခုနှစ် ထောပတ်ရာသီတွင် အောက်တိုဘာလနောက်ပိုင်း အရည်အသွေးကောင်းမွန်သည့် ကိုင်းဆက်သီးများ ပိုမိုထွက်ရှိလာမည်ဖြစ်သည့်အတွက် ပြည်တွင်း၌ ပိုလျှံလာမည်ဖြစ်ပြီး ပြည်ပဈေးကွက်များ ပိုမိုရရှိရေးနှင့် တင်ပို့နိုင်ရန်စတင်ပြင်ဆင်နေကြောင်း၊ ထိုင်းနိုင်ငံမှ Thaifex ကုန်စည်ပြပွဲ၊ အာရှတိုက်၏ ဒုတိယအကြီးဆုံး Online Platform ဖြစ်သည့် ec.plaza.net တွင် ပါဝင်ပြသခြင်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ အစားအသောက်နှင့် အဖျော်ယမကာ ကုန်စည်ပြပွဲမှလည်း လာရောက်ပြသရန် ကမ်းလှမ်းထားကြောင်း သိရသည်။

ထောပတ်သီး အရည်အသွေးကောင်းများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဥရောပဈေးကွက်များသို့ တင်ပို့နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့များ၏ အကူအညီဖြင့် အသင်းဝင်ခြံ ၃၀ ကျော်ခန့်မှာ Global GAP လက်မှတ်ရရှိထားကြောင်း၊ ဈေးကွက်ချိတ်ဆက်နိုင်ရန် ARISE Plus စီမံကိန်းမှ ကုန်သွယ်မှုနှင့် ဈေးကွက်ချိတ်ဆက် ကျွမ်းကျင်ပညာရှင်က ကူညီဆောင်ရွက်ပေးလျက်ရှိပြီး အဓိကပြည်ပတင်ပို့မှုအနေဖြင့် ထိုင်း၊ စင်ကာပူနှင့် နယ်သာလန်နိုင်ငံတို့ကို တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း ထောပတ်စိုက်ပျိုးသူများက ပြောကြားသည်။

၎င်းနိုင်ငံများအနက် ထိုင်းနိုင်ငံသို့ တင်ပို့မှုမှာ ငွေကြေးမူဝါဒပြောင်းလဲခြင်းကြောင့် ကုန်သွယ်မှု လွယ်ကူလာခြင်း၊ တင်ပို့မှုအတွက် ကုန်ကျစရိတ် သက်သာခြင်းတို့ကြောင့် ယခင်ဒေသသီးများ တင်ပို့ခြင်းအပြင် အရည်အသွေးကောင်း ကိုင်းဆက်သီးများကိုလည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံသည် ထောပတ်သီးစားသုံးမှုမြင့်တက်လာသည့်အပြင် ဈေးကွက်လည်း ကြီးမားခြင်းကြောင့် တရားဝင် တင်ပို့ခွင့်ရရှိရန် General Administration of Customs of People’s Republic of China (GACC)၌ မှတ်ပုံတင် ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးစေလိုကြောင်း ထောပတ်စိုက်တောင်သူများက မျှော်လင့်နေကြသည်။ **ကိုရိုး**

**သတင်းရင်းမြစ်- ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**



## တစ်ပတ်အတွင်းအခြေခံစားကုန်ဈေးကွက်

**ရန်ကုန် ဇွန် ၂၄**

ဇွန် ၁၆ ရက်မှ ၂၂ ရက်အတွင်း ရန်ကုန်ဘုရင့်နောင် ကုန်စည်ဈေးကွက်၌ ဆန်၊ ကြက်သွန်နီ၊ ရှမ်းကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်၊ သကြားဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး စားအုန်းဆီဈေးနှုန်း အနည်းငယ်ကျဆင်းလာခဲ့သည်။ ဈေးနှုန်းများ မြင့်တက်လာခဲ့သော်လည်း မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ဈေးကွက်အတွင်း ဝယ်လိုအားလျော့နည်းလျက်ရှိကြောင်း ပွဲရုံလုပ်ငန်းရှင်များက ဆိုကြသည်။

### ဆန်

ဆန်ဈေးနှုန်းများ မြင့်တက်လာသော်လည်း နယ်တင်ပို့မှုနှင့် လာရောက်ဝယ်ယူမှုများ နည်းပါးလျက်ရှိသည်။ တစ်အိတ်ဈေးနှုန်းများတွင် ရွှေဘိုပေါ်ဆန်းအောက်စ တစ်အိတ်ကျပ် ၅၅၀၀၀၊ ထိပ်စ ကျပ် ၆၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ကျပ် ၅၄၀၀၀၊ ဖျာပုံပေါ်ဆန်း ကျပ် ၅၁၀၀၀ နှင့် ပေါ်ကျွဲတစ်အိတ် ကျပ် ၄၀၀၀၀ တို့ ဈေးရနေကြသည်။ ဆန်ကွဲတစ်အိတ် ကျပ် ၃၁၀၀၀ အထိ ဈေးမြင့်လာခဲ့ပြီး ဆန်ကြမ်းသီးထပ်မှာ ယခင်က ကျပ် ၃၀၅၀၀ သာရှိရာမှ ယခု ကျပ် ၃၃၅၀၀ ဈေးမြင့်လာခဲ့သည်။

### ကြက်သွန်နီ၊ ကြက်သွန်ဖြူ

ဇွန် ၂၂ရက် ဈေးနှုန်းများအရ မုံရွာကြက်သွန်နီ လတ်ချော တစ်ပိဿာ ကျပ် ၁၄၀၀မှ ကျပ်၁၉၀၀ အထိ ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ ရှမ်းကြက်သွန်ဖြူ(အောင်ပန်း)တစ်ပိဿာ ကျပ် ၂၃၀၀ မှ ကျပ် ၃၉၀၀၊ ကြူကုတ်အသစ်မှာ တစ်ပိဿာ ကျပ် ၂၇၀၀ ဝန်းကျင်ရှိခဲ့သည်။

### အာလူး

တရုတ်အာလူး(သဲသီး)နှင့် အဝါသီးများ လက်ကား တစ်ပိဿာ ကျပ် ၁၈၀၀၊ ဟဲဟိုး(အမည်းသီး) ရောရာ(ဒုံးဈေး) တစ်ပိဿာ ကျပ် ၁၇၀၀ ဖြင့် ရောင်းချနေကြသည်ကို ဇွန် ၂၂ ရက်က မြင်တွေ့ရသည်။ ဇွန် ၁၆ ရက်တွင် အာလူးဈေးနှုန်းမှာ ဟဲဟိုး တစ်ပိဿာ ငွေကျပ် ၁၄၅၀ မှ ၁၅၀၀၊ တရုတ်အာလူး ကျပ် ၁၄၅၀ နှုန်းသာရှိခဲ့သဖြင့် ဈေးနှုန်းမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

### ငရုတ်

ပန်းရဲငရုတ်ရှည်အသစ်ရိုးရိုး တစ်ပိဿာ ကျပ် ၈၅၀၀၊ မြစ်ဝကျွန်းပေါ်ငရုတ်ရှည်အသစ်ရိုးရိုး တစ်ပိဿာ ကျပ် ၈၂၀၀၊ အအေးခန်းထုတ်ငရုတ်ရှည် ကျပ် ၈၅၀၀၊ မိုးထောင်ငရုတ် ရိုးရိုးတစ်ပိဿာ ကျပ် ၈၀၀၀၊ အအေးခန်းထုတ် ၈၅၀၀-၉၀၀၀ ကျပ်၊ မြစ်ဝငရုတ်ပွရိုးရိုး တစ်ပိဿာ ကျပ် ၁၁၅၀၀-၁၂၀၀၀၊ အအေးခန်းထုတ် တစ်ပိဿာ ကျပ် ၁၂၅၀၀ စသည်ဖြင့် ယခင်သီတင်းပတ်ကထက် အတက်ကြမ်းလာခဲ့သည်။

### စားသုံးဆီ

ဇွန် ၂၁ ရက်က စားအုန်းဆီပြင်ပဈေးနှုန်းများမှာ လက်ကားပီပါဈေး တစ်ပိဿာ ကျပ် ၇၂၀၀ မှ ၇၄၀၀ အထိ ဈေးရှိပြီး အချို့လက်ကားဆိုင်များတွင် လူတစ်ဦးလျှင် အချိန် ၁၀ နှုန်းဖြင့် တစ်ပိဿာကျပ် ၆၉၀၀ နှုန်း ရောင်းချပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။ မြေပဲဆီနှင့် နှမ်းဆီဈေးနှုန်းများမှာ ငွေကျပ် ၉၀၀၀ မှ ၁၁၀၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

### မတ်ပဲနှင့် ပဲစင်းငုံ

မတ်ပဲတစ်တန်လျှင် ငွေကျပ် ၁၆၁၆၀၀၀၊ ပဲစင်းငုံတစ်တန် ငွေကျပ် ၁၃၈၇၀၀၀ ဖြင့် ရောင်းချဝယ်ယူလျက်ရှိသည်။ **အောင်ခင်နိုင်**

## တရုတ် - မြန်မာနယ်စပ် ချင်းရွှေဟော်၌ မေလအတွင်း ကုန်သွယ်မှုပမာဏမြင့်မားလာ

တရုတ်-မြန်မာနယ်စပ် မုန်တိန်-ချင်းရွှေဟော်နယ်စပ်၌ မေလအတွင်း ပို့ကုန်သွင်းကုန် ကုန်စည်ပို့ဆောင်မှုပမာဏ တန်ချိန် ၈၆၈၀၀ ရှိပြီး ယခင်နှစ် ကာလတူထက် ၈၀ ဒသမ ၆ ရာခိုင်နှုန်းတိုးလာကြောင်း တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

ကုန်စည်ပို့ဆောင်မှုစုစုပေါင်းတန်ဖိုးမှာ ယွမ် ၃၃၄ သန်းရှိပြီး ယခင်နှစ် ကာလတူထက် ၁၃၃ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း မုန်တိန်အကောက်ခွန်ဌာန၏ စာရင်းပြုစုမှုအရ သိရသည်။

နှစ်စဉ် ဒီဇင်ဘာလမှ နောက်တစ်နှစ် မေလအထိ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် ကြံစိုက်ပျိုးမှုနှင့် ရိတ်သိမ်းရာသီသို့ ဝင်ရောက်သဖြင့် ပိုမိုတင်ပို့ရဖွယ်ရှိသည်။နယ်စပ်ကုန်သွယ်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံမြောက်ပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူများ ဝင်ငွေတိုးပွားစေရေးတို့အတွက် ယခုနှစ်မှစ၍ အဆိုပါ နယ်စပ်စစ်ဆေးရေးဂိတ်တွင် မြန်မာနိုင်ငံမှ တင်သွင်းသော ကြံတန်ချိန် ၁၁၃၀၀၀ ကို ဂိတ်ဖြတ်သန်းမှု အဆင်ပြေချောမွေ့စေရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **သီရိ**

## တတိယအကြိမ် ကိုရီးယားစီးပွားရေးမော်ဒယ်ပြိုင်ပွဲ

**နေပြည်တော် ဇွန် ၂၄**

ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား Startups အစပျိုး စီးပွားရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများထောက်ပံ့ခြင်း၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကွန်ရက်ဖြန့်ကြက်ခြင်းစသည့် ရည်ရွယ်ချက်များဖြင့် (The 3rd Korea–Business Model Competition for SDGs 2022) ကို စက်တင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ရောက်လိုသူများကိုလည်း ဖိတ်ခေါ်ထားကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ သိရသည်။

ကိုရီးယားနိုင်ငံ၌ရှိသည့် စီးပွားရေးကဏ္ဍများ ဖြန့်ကြက်ရာတွင် အာဆီယံနိုင်ငံများက တွန်းအားပေးရန်၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များအား အခွင့်အလမ်းများရရှိအောင် ချိတ်ဆက်ပေးနိုင်ရန်နှင့် ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ Sustainable Development Goals (SDGs) Sectors များ ကျယ်ပြန့်လာစေရန်လည်း ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

Green and Digital Economy ကူးပြောင်းရေး၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် စီးပွားရေးတိုးတက်ရေးကို ရည်ရွယ်သည့် ပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် ပြိုင်ပွဲဝင်ရောက်လိုသူများသည် ဇွန် ၃၀ ရက်အထိ http:/ linktr.ee/rokasean.bmc2022 ၌ ဝင်ရောက်လေ့လာ၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ အဆင့်ဆင့်ရွေးချယ်မှုများကို ဇူလိုင်လအတွင်းနှင့် အပြီးသတ်ရွေးချယ်ခြင်းကို စက်တင်ဘာ ၇ ရက်တွင် ပြုလုပ်သွားမည်ဖြစ်၍ ပထမဆု အမေရိကန်ဒေါ်လာ ၅၀၀၀၊ ဒုတိယဆု ဒေါ်လာ ၃၀၀၀၊ တတိယဆု ဒေါ်လာ ၁၀၀၀၊ အထူးဆုနှစ်ဆု ဒေါ်လာ ၂၀၀၀၊ ဒေါ်လာ ၁၀၀၀ စသည်ဖြင့် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သီရိ**

## တနင်္သာရီရော်ဘာဈေးနှုန်းများ အနည်းငယ်မြင့်တက်

**နေပြည်တော် ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထွက်ရှိသည့် ရော်ဘာများအနက် RSS–3 နှင့် RSS–5 မှိုင်းခံရော်ဘာအမျိုးအစားများ ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိပြီး ရန်ကုန်ဈေးကွက်၊ ကော့သောင်း–ရနောင်းဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

မှိုင်းခံရော်ဘာကို အဆင့်သတ်မှတ်ချက် ငါးမျိုးဖြင့် သတ်မှတ်ထားရှိပြီး ယခုလက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း RSS–3 နှင့် RSS–5 နှစ်မျိုးသာ အဓိက အရောင်းအဝယ်အားကောင်းနေကြောင်း သိရသည်။ ရော်ဘာဈေးနှုန်းမှာ ယခင်လထက် ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိပြီး ဇွန် ၂ရက်မှ ၁၇ ရက်အထိ ရော်ဘာဈေးနှုန်းမှာ RSS–3 တစ်ပေါင်လျှင် ငွေကျပ် ၁၃၅၀ နှုန်း၊ RSS–5 တစ်ပေါင်လျှင် ငွေကျပ် ၁၂၅၀ နှုန်း ဈေးရရှိပြီး RSS–3 သည် RSS–5 ထက် အပြစ်အနာဆာကင်းသောကြောင့် ဈေးကောင်းပိုမိုရရှိလျက်ရှိသည်။

ကောင့်သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၁၄၅၀ နှုန်းဈေးရရှိခဲ့ပြီး ဈေးနှုန်းမြင့်တက်ခြင်းမှာ ထိုင်းဘတ်ငွေဈေးနှုန်းများမြင့်တက်နေခြင်းကြောင့်လည်းပါဝင်ပြီး သယ်ယူပို့ဆောင်ခမှာ တစ်ပိဿာလျှင် ငွေကျပ် ၇၀ ကျပ်မှ ၈၀ အထိ သတ်မှတ်ကြသည်။

တနင်္သာရီတိုင်းဒေသကြီးသည် ရော်ဘာ၊ ကွမ်းသီးများကို အဓိကထား စိုက်ပျိုးလျက်ရှိသည့် တိုင်းဒေသကြီးဖြစ်ပြီး ထိုင်းနိုင်ငံနှင့် အဓိကနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာ တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ **ကိုရိုး ၊ သတင်းရင်းမြစ်– DOCA(တနင်္သာရီ)**



## အီးယူဒေသတွင်း စီးပွားရေးတိုးတက်မှုနှုန်းနှင့် ငွေကြေးဖောင်းပွမှုအခြေအနေ




အီးယူဒေသတွင်း ရုရှား–ယူကရိန်း ပဋိပက္ခ၏ ရိုက်ခတ်မှုကြောင့် စွမ်းအင်နှင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာနေပြီး စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးလာကာ ငွေကြေးဖောင်းပွမှုနှုန်းများလည်း မြင့်မားလာခဲ့သည်။ ဥရောပကော်မရှင်က ၂၀၂၂ ခုနှစ် ယူရိုဇုန်၏ စီးပွားရေးတိုးတက်မှုနှုန်းကို ယခင် ခန့်မှန်းထားသည့် ၄ ရာခိုင်နှုန်းမှ ၂ ဒသမ ၂ ရာခိုင်နှုန်းသို့ လျှော့ချပြောင်းလဲ ခန့်မှန်းထားသည်။

အီးယူစီးပွားရေးကော်မရှင်နာ Mr.Paolo Gentiloni က အီးယူဒေသစီးပွားရေးကို ကပ်ရောဂါကာလအလွန်တွင် ရေရှည်တောင့်တင်းခိုင်မာစွာ တိုးတက်မှုရရှိစေရန် မျှော်မှန်းထားခဲ့သော်လည်း ထောက်ပံ့ပို့ဆောင်မှုနှင့် supply chain ပိုင်း ယိုယွင်းမှုများဖြစ်ပေါ်စေပြီး ကုန်ကြမ်းတင်သွင်းမှုဈေးနှုန်းများ မြင့်တက်လာကာ ထုတ်လုပ်မှုပိုင်း ဝန်ထုပ်ဝန်ပိုးများ ဖြစ်လာစေကြောင်း၊ တရုတ်နိုင်ငံတွင် ကိုဗစ်–၁၉ ဆိုင်ရာ ထိန်းချုပ်ကန့်သတ်မှုများကလည်း ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်ပိုင်းကို အဟန့်အတားတစ်ခုဖြစ်စေကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေး နာလန်ပြန်ထူလာနိုင်ခဲ့မှုများက ယခုလက်ရှိအကျပ်အတည်းများကို ပြန်လည်ထောက်ကူပေးနိုင်ပြီး ပြည်သူ့ကြွေးမြီနှင့် ဘတ်ဂျက်လိုငွေပြနေမှုများကို လျှော့ပါးသက်သာစေမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဥရောပ ကုန်သွယ်ရေးကော်မရှင်နာ Mr.Valdis Dombrovskis ကလည်း အီးယူဒေသ၏ စီးပွားရေးအခြေခံလိုအပ်ချက်များသည် ခိုင်မာအားကောင်းမှုရှိကြောင်း၊ ရုရှား–ယူကရိန်းပဋိပက္ခမတိုင်မီက အီးယူဒေသ၏ စီးပွားရေးအခြေအနေသည် ပြန်လည်အားကောင်းလာသည့်တိုးတက်မှုလမ်းကြောင်းတစ်ခုပေါ် ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ အလုပ်အကိုင်သစ်များ ဖန်တီးနိုင်ပြီး အလုပ်လက်မဲ့နှုန်းများ ကျဆင်းလာခဲ့ကြောင်း၊ ယခုအခါ စီးပွားရေးတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုအခြေအနေများသည် လက်ရှိအကျပ်အတည်းနှင့် စွမ်းအင်ဈေးကွက်အပေါ် ရိုက်ခတ်မှုများကို များစွာမှီတည်နေကြောင်း ပြောကြားထားသည်။

အီးယူအနေဖြင့် စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကြောင့် ၂၀၂၂ ခုနှစ် ပထမလေးလပတ်တွင် ငွေကြေးဖောင်းပွမှုနှုန်း ၆ ရာခိုင်နှုန်းနှင့် ဒုတိယလေးလပတ်တွင် ၆ ဒသမ ၉ ရာခိုင်နှုန်းထိ ရောက်ရှိနိုင်ပြီး ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၇ ရာခိုင်နှုန်း ရှိနိုင်ကြောင်း၊ အလုပ်အကိုင်ရရှိမှုနှုန်း ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း ခန့်မှန်းထားကြသည်။

## စိန်ခေါ်မှုများပြည့်နှက်နေသည့် ဘယ်လ်ဂျီယံငါးဖမ်းလုပ်ငန်း

**ဘရပ်ဆဲလ် ဇွန် ၂၄**

ဘယ်လ်ဂျီယံငါးဖမ်းရေယာဉ်များ၏ ငါးဖမ်းဆီးရရှိမှုအရေအတွက်မှာ ၂၀၂၀ ပြည့်နှစ်ကထက် ၅ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျခဲ့သော်လည်း ဘယ်လ်ဂျီယံငါးဖမ်းလုပ်ငန်းကဏ္ဍ၏ ဝင်ငွေမှာ ၂၀၂၁ ခုနှစ်တွင် ယူရို ၆၀ ဒသမ ၈ သန်းသို့ ရောက်ရှိခဲ့ပြီး ၇ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဘယ်လ်ဂျီယံနိုင်ငံ၏ စာရင်းအင်းဆိုင်ရာ အေဂျင်စီ(Statbel)အရ သိရသည်။

ဘယ်လ်ဂျီယံငါးဖမ်းလုပ်ငန်းကဏ္ဍ၏ ဝင်ငွေတိုးတက်လာခြင်းမှာ ငါးဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။ ဘယ်လ်ဂျီယံနိုင်ငံ၌ ပျမ်းမျှငါးဈေးနှုန်းမှာ ၂၀၂၀ ပြည့်နှစ်ကထက် ၁၃ ဒသမ ၃ ရာခိုင်နှုန်းဖြင့် တစ်ကီလိုဂရမ်လျှင် ယူရို ၅ ဒသမ ၁၀ ခန့် မြင့်တက်ခဲ့ကာ ထိုသို့ ဈေးနှုန်းမြင့်တက်လာခြင်းက ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် အရောင်းကျဆင်းမှုနှင့်အတူ အခက်အခဲများ ကြုံတွေ့ခဲ့ရသည့် ငါးဖမ်းလုပ်ငန်းကဏ္ဍကို အထောက်အကူပြုခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံ၏ ငါးဖမ်းဆီးရရှိမှုမှာ ၂၀၁၅ ခုနှစ်ကတည်းက ကျဆင်းလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ငါးဖမ်းဆီးရရှိမှု ပြန်လည်တိုးတက်လာပြီး ငါးဖမ်းလုပ်ငန်းကဏ္ဍတစ်ခုလုံးအတွက် အလားအလာကောင်းများရှိခဲ့ကြောင်း သိရသည်။ ဘယ်လ်ဂျီယံနိုင်ငံ၌ ငါးဖမ်းလုပ်ငန်းများသည် Zeebrugge ဆိပ်ကမ်းကို ဗဟိုပြုထားခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် အဆိုပါဆိပ်ကမ်းသည် နိုင်ငံတွင်း ဖမ်းဆီးရောင်းချသည့် ငါးများ၏ ၅၅ ဒသမ ၇ ရာခိုင်နှုန်းကို ကိုယ်စားပြုထားသည်။

စားသုံးမှုပုံစံအပြောင်းအလဲတို့သည် ဘယ်လ်ဂျီယံတံငါသည်များ၏ ငါးဖမ်းဆီးရရှိမှုအပေါ် သက်ရောက်မှုရှိလာခဲ့ကာ ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၌ စုစုပေါင်း ငါးရောင်းချမှုပမာဏသည် ၂၀၂၀ ပြည့်နှစ်ကထက် များစွာနိမ့်ကျနေဆဲဖြစ်သည်။ အမြင့်ဆုံးပမာဏအဖြစ် ၂၀၀၅ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၌ ငါးတန်ချိန် ၁၈၇၈၅ တန် (ယူရို ၇၈ သန်းဖိုး) ရောင်းချခဲ့ရသည်။ ၂၀၂၁ ခုနှစ်တွင်မူ ငါးတန်ချိန် ၁၁၉၀၁ တန်သာ ရောင်းချခဲ့ရပြီး ၃၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ငါးဖမ်းလုပ်ငန်းကဏ္ဍအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ စွမ်းအင်လောင်စာဆီဈေးနှုန်းများ မကြုံစဖူးမြင့်တက်နေခြင်းသည် ရေနံထွက်ကုန်ပစ္စည်းများသုံးစွဲမှုအပေါ် အဓိကမှီခိုနေရသည့် ငါးဖမ်းလုပ်ငန်းကဏ္ဍအတွက် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံငါးဖမ်းလုပ်ငန်းကဏ္ဍမှာ ယခုနှစ်တွင် ဆုံးရှုံးမှုအများဆုံးကြုံရဖွယ်ရှိသည့် ကဏ္ဍများအနက် တစ်ခုဖြစ်လာနိုင်ကြောင်း ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားဘဏ်က ခန့်မှန်းထားသည်။

## ထိုင်းအရှေ့ဘက် စီးပွားရေးစင်္ကြံ အထူးစီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

**ဘန်ကောက် ဇွန် ၂၄**

ထိုင်းနိုင်ငံအရှေ့ဘက် စီးပွားရေးစင်္ကြံဒေသ အထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ ရှင်းလင်းဆွေးနွေးပွဲကို ဂျာမနီနိုင်ငံရှိ ထိုင်းသံရုံး၊ ထိုင်းနိုင်ငံ EEC ရုံးအဖွဲ့၊ German Global Trade Forum၊ ဂျာမန်အာရှ–ပစိဖိတ်စီးပွားရေးလုပ်ငန်းရှင်များအသင်း၊ ဂျာမန်–ထိုင်းကုန်သည်ကြီးများအသင်းနှင့် Diplomatic မဂ္ဂဇင်းတို့ ပူးပေါင်း၍ မေ ၃၀ ရက်က ဘာလင်မြို့၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲအတွင်း ဂျာမနီနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ ဂျာမန်–ထိုင်း ကုန်သည်ကြီးများအသင်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက အမှာစကားအသီးသီးပြောကြားကြသည်။ ဂျာမန်ကုမ္ပဏီ ၆၀၀ ခန့်သည့် ထိုင်းနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလျက်ရှိပြီး လျှပ်စစ်ယာဉ်ယန္တရားများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တရုတ်နှင့် ဂျပန်ရင်းနှီးမြှုပ်နှံသူများသာမက ဂျာမန်ကုမ္ပဏီများနှင့်လည်း ဆွေးနွေးသွားမည်ဖြစ်ပြီး ငါးနှစ်အတွင်း ၃၀ ရာခိုင်နှုန်းခန့် တိုးမြှင့်သွားရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

ဆွေးနွေးပွဲသို့ မြန်မာသံအမတ်ကြီးနှင့် ဂျာမနီနိုင်ငံဆိုင်ရာ စီးပွားရေးသံမှူးတို့လည်း တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲအတွင်း EEC တွင် ဆောင်ရွက်မည့် စီမံကိန်းများ တိုးတက်ဖြစ်ပေါ်မှုနှင့် Smart Mobility, Multimodal Logistics, Digitalization, Human Resou–rces စသည့် ကဏ္ဍအသီးသီးတို့တွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

သတင်းရင်းမြစ်များ– မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

ပျဉ်းမနား ဇွန် ၂၄

**နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ဇွန် ၁၄ ရက်မှ စတင်ယှဉ်ပြိုင်ကစားခဲ့ကြရာ နေပြည်တော်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဇွန် ၂၃ ရက် ညနေပိုင်းတွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။**

ဗိုလ်လုပွဲတွင် ပျဉ်းမနား မြို့နယ်အသင်းနှင့် လယ်ဝေး မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ ပျဉ်းမနားမြို့နယ်အသင်း က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲ ခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမား ဆုများကို တက်ရောက်လာကြ သည့် ဌာနဆိုင်ရာတာဝန်ရှိသူ များက ပေးအပ်ချီးမြှင့်ရာ ဆုရရှိ သူများက လက်ခံရယူကြသည်။

ထို့နောက် တတိယဆု ရရှိ သည့် ဥတ္တရသီရိမြို့နယ်အသင်း အား နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းက လည်း ကောင်း၊ ဒုတိယဆု ရရှိသည့် လယ်ဝေးမြို့နယ် အသင်းအား နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက လည်းကောင်း၊ ပထမ ဆုရရှိသည့် ပျဉ်းမနားမြို့နယ် အသင်းအား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်ကလည်း ကောင်း တစ်ဦးချင်းဆုတံဆိပ်များ နှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။



ဆက်လက်ပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ပထမဆုရရှိ သည့် ပျဉ်းမနားမြို့နယ် အသင်း အား တံခွန်စိုက်ဆုဖလားနှင့် ပထမငွေသားဆု ကျပ် ၁၀ သိန်း ကို ပေးအပ်သည်။ (အပေါ်ပုံ)

**ဇော်ဖြိုး**

**(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် အထပ်မြင့်အဆောက်အအုံကြီးကြပ်ရေးကော်မတီဖွဲ့စည်းရန် ဆွေးနွေး

**စစ်တွေ ဇွန် ၂၄**

ရခိုင်ပြည်နယ် အထပ်မြင့် အဆောက်အအုံ ကြီးကြပ်ရေး ကော်မတီ ဖွဲ့စည်းနိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂) ကို ဇွန် ၂၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ရခိုင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ရခိုင်ပြည်နယ် အတွင်းရှိ မြို့များတွင် အထပ်မြင့် အဆောက်အအုံ ဆောက်လုပ်မှု များသည် ယခင်ကထက် များပြား လာသည်ကို မြင်တွေ့ကြရမည် ဖြစ်ကြောင်း၊ ထိုသို့များပြားလာ ခြင်းမှာ မြို့တိုးတက်လာမှုကို ဖော်ပြခြင်းတစ်မျိုးလည်း ဖြစ်နေ ပါကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်လာကြသည်နှင့်အမျှ ဆောက်လုပ်သည့် အဆောက် အအုံထုထည်ပမာဏ ကြီးမားလာ ခြင်းကြောင့် အဆောက်အအုံများ ၏ ခိုင်ခံ့မှု၊ သဘာဝဘေးအန္တရာယ် ခံနိုင်မှု၊ မြေသားကြံ့ခိုင်မှုနှင့် စနစ် တကျ တည်ဆောက်မှုများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်အထပ်မြင့် အဆောက် အအုံများ ဆောက်လုပ်ရာတွင် စည်ပင်သာယာရေးအဖွဲ့၏ ဥပဒေ၊ စည်းကမ်းများနှင့်အညီ စနစ် တကျဖြစ်အောင် ကြီးကြပ်နိုင်ရေး အတွက် အခြားပြည်နယ်နှင့် တိုင်း ဒေသကြီးများရှိ မြို့ကြီးများ၏ ဆောင်ရွက်လျက်ရှိသော အချက် အလက်များကို နမူနာရယူ၍ ဒေသနှင့်ကိုက်ညီသည့် အစီအမံ များ ချမှတ်ဆောင်ရွက်နိုင်ရေး၊ ရေရှည်တွင် မြို့ပြအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျ ဖြစ်စေရေး၊ လူနေမှုဘဝ လုံခြုံ စိတ်ချနိုင်ရေးတို့ကို ရည်ရွယ်ကာ အစည်းအဝေးတက်ရောက်လာ ကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြော ကြားသည်။

ထို့နောက် ပြည်နယ် သယံ ဇာတရေးရာဝန်ကြီး ဦးသန်းထွန်း က ရခိုင်ပြည်နယ်အတွင်း အထပ် မြင့် အဆောက်အအုံများ ဆောက် လုပ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေး ပြောကြားပြီး ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ဒုတိယညွှန်ကြား ရေးမှူး ဦးကျော်မိုးက (၁/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ထားရှိမှုအခြေ အနေများကို ရှင်းလင်းတင်ပြ သည်။ ဆက်လက်၍ စစ်တွေ တက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဦးတိုးဇော်နိုင်မြင့်က ရခိုင်ပြည်နယ်၏ မြေသားခံနိုင်ဝန် စမ်းသပ်ချက်များအကြောင်းကို အကျဉ်းချုပ် ဆွေးနွေးတင်ပြပြီး ဦးကျော်မိုးက ကြီးကြပ်စစ်ဆေး ရေး ပညာရှင်အဖွဲ့ လျာထားမှု၊ နည်းပညာရှင်အဖွဲ့၏ အစီရင်ခံစာ အပေါ် အဆုံးအဖြတ်ပေးမည့် အဖွဲ့လျာထားမှု၊ အဖွဲ့၏လုပ်ငန်း တာဝန်များ၊ အထပ်မြင့်အဆောက် အအုံများ ဆောက်လုပ်ခွင့် လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်အလက်များနှင့် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ် ရာ၌ လိုက်နာရမည့်အချက်များ ကို တက်ရောက်လာကြသူများက အတည်ပြုပေးနိုင်ရန် ရှင်းလင်း တင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက် လာကြသော ပညာရှင်များက အကြံပြုဆွေးနွေးကြပြီး ပြည်နယ် ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေး ၍ နိဂုံးချုပ်အမှာစကားပြောကြား ခဲ့သည်။

**တင်ထွန်း**

**(ပြန်/ဆက်)**

# ချီဖွေ-ဝိုင်းမော်-မြစ်ဆုံဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် နှစ်ရှည်ပင်များအတွက် လျော်ကြေးပေးအပ်ရန်ဆွေးနွေး

**မြစ်ကြီးနား ဇွန် ၂၄**

ချီဖွေ-ဝိုင်းမော်-မြစ်ဆုံဓာတ်အားလိုင်း (၁၁၀ ကေဗွီ)နှင့် မလွတ်ကင်း သည့် နှစ်ရှည်ပင်များ ခုတ်လှဲနိုင်ရေးနှင့် လျော်ကြေးပေးအပ်နိုင်ရေး အတွက် ဇွန် ၂၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြုလုပ် သည့် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၂) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ကော်မတီအဖွဲ့ဝင်များနှင့် ခြံပိုင်ရှင် များပါဝင်၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးရာတွင် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်အတိုင်း ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ မိမိတို့ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေး၊ ပြည်နယ်သူ ပြည်နယ်သားများ အလုပ်အကိုင်အခွင့် အလမ်းများ ရရှိရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လျှပ်စစ်စွမ်းအားလုံလောက်စွာ ရရှိရေးသည်လည်း အခြေခံကျသည့် ကဏ္ဍဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ တက်ရောက်လာကြသည့်သူများအနေဖြင့် ချီဖွေ – ဝိုင်းမော် – မြစ်ဆုံဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် နှစ်ရှည်ပင်များ ခုတ်လှဲနိုင် ရေး၊ တောင်သူနစ်နာမှုမရှိအောင်လျော်ကြေးပေးအပ်နိုင်ရေး ညှိနှိုင်း ဆွေးနွေးဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ချီဖွေငယ် ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်၊ မြစ်ဆုံဓာတ်အားခွဲရုံနှင့် ဝိုင်းမော်မဟာဓာတ်အားလိုင်းခွဲရုံတို့မှ တာဝန်ရှိ သူများက ၁၁၀ ကေဗွီ ချီဖွေ-ဝိုင်းမော်-မြစ်ဆုံ ဓာတ်အားလိုင်းနှင့် ကင်းလွတ်မှုမရှိသောသစ်ပင်များနှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ် မေလ အတွင်း ဓာတ်အားလိုင်းကြံ့ခိုင်ရေးစစ်ဆေးဆောင်ရွက်ခဲ့စဉ်က ကောက်ယူ ရရှိခဲ့သော ဒေသခံစိုက်ခြံပိုင်ရှင်များ၏ နှစ်ရှည်ပင်စာရင်းများ၊ လျော်ကြေး ပေးအပ်နိုင်ရေး အပင်အမျိုးအစားအလိုက် သစ်တောဦးစီးဌာန၏ တစ်ကေသတ်မှတ်ချက်အရ ချီဖွေငယ် ရေအားလျှပ်စစ်ကုမ္ပဏီက ခန့်မှန်းတွက်ချက်ထားသော လျော်ကြေးနှုန်းထားများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မန်ဝိန်းကျေးရွာ၊ ဝါရောင်ကျေးရွာ၊ နောင်ချိန်းကျေးရွာ တို့မှ စိုက်ခြံပိုင်ရှင်များက လိုလားချက်များအပေါ် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များက သုံးသပ်ဆွေးနွေး၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ **ပြည်နယ် (ပြန်/ဆက်)**

# မူဆယ်မြို့၌ အရေးပေါ်အသက်ကယ်သင်တန်းဆင်း

**မူဆယ် ဇွန် ၂၄**

မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်(ဗဟို)နှင့် မူဆယ်ခရိုင် လူမှုရေး အသင်းအဖွဲ့များ ကြီးမှူးဖွင့်လှစ်သည့် နိုင်ငံတကာအရေးပေါ် အသက် ကယ်သင်တန်းဆင်းပွဲကို ဇွန် ၂၃ ရက်က ကျင်းပကာ မူဆယ်မြို့ သိန်းသန်းချီကားလမ်း မီးပွိုင့်လမ်းဆုံအနီးတွင် လက်တွေ့ပိုင်းသရုပ် ပြခဲ့သည်။

သင်တန်းဆင်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်(ဗဟို)ဥက္ကဋ္ဌ ဦးလှထွန်း၊ ခရိုင် လူမှုကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖိုးထောင်နှင့် သင်တန်းဖြစ်မြောက် ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လှိုင်ဝင်းတို့က အမှာစကားပြောကြား သည်။

သင်တန်းကာလတွင် မြေပြင်အခြေအနေ၌ ယာဉ်တိုက်မှု၊ မတော် တဆထိခိုက်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကြုံလာသည့်အခါ မသေသင့်သည့်လူနာများ အချိန်မီဆေးကုသမှုခံယူရန်အတွက် ရှေးဦး ပြုစုခြင်းနည်းစနစ်များ၊ လူနာကိုင်တွယ်ပုံကိုင်တွယ်နည်းများကို အဖွဲ့ လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း နည်းစနစ် ကျကျသင်ကြားပေးခဲ့ပြီး ပြိုင်ပွဲများကျင်းပပေးကာ ဆုများ ပေးအပ် သည်။

အဆိုပါသင်တန်းကို ရန်ကုန်၊ မန္တလေးအပါအဝင် ရှမ်းပြည်နယ် မြောက်ပိုင်းမှသင်တန်းသူ သင်တန်းသား စုစုပေါင်း ၁၁၈ ဦး တက်ရောက် ခဲ့ကြောင်း၊ မူဆယ်မြို့ စိန်ရတနာဟိုတယ်ပိုင်ရှင်ဒေါ်စစ်စိန် မိသားစုက လည်း သင်တန်းအတွက်အလှူငွေကျပ်သိန်း ၃၀ နှင့် အဖွဲ့ချုပ်အတွက် အောက်ဆီဂျင်အိုးများ၊ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များနှင့် လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပေးခဲ့ ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၆-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သောအနာဂတ် ဒီမိုကရေစီ
**၀၉:၃၀** ယုက်ဖြာသွယ်တန်းထားပုလဲကောရိမှ ကျေးလက်ကွန်ရက်များ (အပိုင်း-၂)
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၁:၄၅** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ် နည်းများ
**၁၂:၃၀** မြန်မာဇာတ်လမ်း 'ကျွန်တော်ချစ်သောမိန်းမများ' (အပိုင်း-၁၀)
**၁၃:၃၀** MRTV National News
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ်
**၁၆:၄၅** ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
**၁၇:၁၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၃၀** (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
**၁၇:၄၅** စစ်မီးငြိမ်းချိန်တန်ပါပြီ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့ လျှို့ဝှက်ချက်**' (အပိုင်း-၁၀၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** (၃၀)ဖြာမင်္ဂလာ '**ပဏ္ဍိတနှင့်သေဝနာ**' နှင့် '**ဝပ္ပစရိယာစ**'
**၂၁:၅၀** ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

**mitv**

**07:02** Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
**07:08** Weekly Review
**07:24** San Lin Tun (Winner) Lose2Win with Andy Season 2
**07:40** Danu Food: Tofu Dish
**07:48** Myanmar Family Life: Respect Household Rules
**08:00** Quiz Time
**09:01** News
**09:26** Global Partnership for Brighter Future: Jamacia Pavilion at Expo 2020 Dubai
**09:36** A Visit to Yangon's Coastal Area
**09:54** Let's taste "Sabuti"
**10:02** Kayah Style

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အစာအိမ်ရောဂါအကြောင်း
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖားစည်မြေမှ ရိုးရာအလှ (အပိုင်း-၁)
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
စပျစ်ပင်စိုက်ပျိုးနည်း
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၅)
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်တို့အလှ မွန်တို့ရိုးရာဝတ်စုံ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ပိုးမွေးမြူရေးအကြောင်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ကချင်ရိုးရာတစေးနှင့် ခေါင်ရည်ပြုလုပ်ပုံ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၁၁)
**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သဲသောမူ သဲသောခွါး

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ဘဝ၏ရှင်သန်ရာ
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၀:၄၅** လူငယ်တို့အတွက်လမ်းပြကြယ်
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၈:၂၀** News Related Program
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အပေါင်းအသင်း**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** လုပဝေစည်ရှမ်းတို့ပြည်
**၀၇:၀၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၇:၁၀** အထွက်နှုန်းကောင်းဝင်ငွေကောင်းဖို့ စပ်မျိုးနေကြာစိုက်ကြစို့
**၀၈:၅၀** ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲမုန့်မျိုးစုံစားသုံးကြပါစို့
**၀၉:၄၅** နွေနှောင်းရက်ကျန်ကို အလှဆင်လေသည့် ရွှေဝါရောင်စပါးတို့၏အိမ်အပြန်လမ်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


MONREC Multilateral Fund for the Implementation of the Montreal Protocol World Refrigeration Day ASHRAE OzonAction UN environment

# ၂၀၂၂ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့
## (World Refrigeration Day – WRD)



"Cooling Matters"

"လူနေမှုဘဝ သာယာဖို့ အအေးပေးနည်းပညာ မြှင့်တင်စို့"


❍ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် စီနီယာကစားသမားများအပြင် လူငယ်ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် ဇွန် ၇ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ထိုင်းကလပ်တွင် သွားရောက်ကစားခဲ့သည့် အသင်းခေါင်းဆောင် ခင်မာလာထွန်းမှာလည်း အသင်းနှင့် ပြန်လည်ပူးပေါင်းနေပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း တတိယမြောက် နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ သြစတြေးလျ၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ တီမော၊ လာအိုအသင်းတို့ ပါဝင်နေသည်။ **ကိုညီလေး**

### မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေး ပညာပေးဆွေးနွေး

**စစ်ကိုင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် စဉ့်ကူးမြို့နယ်မှ တရားလွှတ်တော်ရှေ့နေ ဒေါ်ထားအိစံက မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို လက်ဝယ်ကိုင်ဆောင်ခြင်းနှင့် သုံးစွဲခြင်းကြောင့် ချမှတ်နိုင်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နည်းလမ်းများကို ပြည်သူများသိရှိပြီး လိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေး ဆွေးနွေးပြောကြားသည်။

မြို့နယ် (ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၆-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၀၅ ကျပ် | ၂၆၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၃၅ ကျပ် | ၂၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၀ ကျပ် | ၂၃၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၁ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၂ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၁၃၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၇၀ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၁၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၃၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၂၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၅၀၀ | ၇၅၀၀ | ၁၅၄ | ၁၁၅၅၀၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၃၈၆ | ၁၀၂၂၉၀၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၁၅၉ | ၁၀၉၇၁၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၀၀ | ၂၅၀၀၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ – စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြည်သူများအနားယူအပန်းဖြေနိုင်ရေးနှင့် ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် ကန်တော်ကြီးလမ်းလျှောက်တံတားများ ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၂၄

**မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး သဘာဝဥယျာဉ်ရှိ လမ်းလျှောက်တံတားများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းဆုံရှိ ကန်တော်ကြီးလမ်းလျှောက်တံတားမုခ်ဦးနေရာ၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီနှင့်အတွင်းရေးမှူး ဦးညွန့်ဖေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**



**တံတားများစစ်ဆေး**

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တံတားများအပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးရာ **(အပေါ်ယာပုံ)** ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ Aquamarine နှင့် Truxor စက်ယန္တရားကြီးများဖြင့် ကန်တော်ကြီးကန်အတွင်း အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုနှင့် လမ်းလျှောက်တံတားပြန်လည်ပြုပြင် တည်ဆောက်ခဲ့သည့် လုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

**ကိုယ်လက်လှုပ်ရှားရန်**

အဆိုပါကန်တော်ကြီးသဘာဝဥယျာဉ်ရှိ လမ်းလျှောက်တံတားများပေါ်တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်၊ ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများပြုလုပ်နိုင်ရန်၊ ကန်တော်ကြီးကန်အတွင်းရှိ ပန်းခြံများသို့ လွယ်ကူစွာ လည်ပတ်သွားလာနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကြံ့ခိုင်မှု အားနည်းလာသည့် ယခင်သစ်သားတိုင်အစား ပိုမိုခိုင်ခံ့ပြီးခေတ်မီလှပသည့် Precast RC Pile (Driven Pile) များဖြင့် တံတားတိုင်ကို လည်းကောင်း၊ သစ်သားကြမ်းခင်းနေရာများတွင် Steel Structure Menber UB များဖြင့်လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

**လမ်းလျှောက်တံတား**

အဆိုပါကန်တော်ကြီးအတွင်း လမ်းလျှောက်တံတား ခုနစ်ခုရှိပြီး ကရဝိက်ပန်းခြံမှ ပန်းကန်လုံးကျွန်းပန်းခြံအထိ ၈၈၆ ပေ၊ ပန်းကန်လုံးကျွန်းပန်းခြံမှ ငါးပြတိုက် အဟောင်းပန်းခြံအထိ ၃၂၀၅ ပေ၊ ငါးပြတိုက် ဟောင်းပန်းခြံမှ ပုလဲကျွန်းပန်းခြံအထိ ပေ ၂၁၇၀၊ ပုလဲကျွန်းပန်းခြံမှ မဟာမြိုင်ကျွန်းပန်းခြံထိ ပေ ၅၂၀၊ ရေချိုငါးဥယျာဉ်ပန်းခြံမှ ဗိုလ်ချုပ်ပန်းခြံထိ ပေ ၃၅၀၊ ဗိုလ်ချုပ်ပန်းခြံမှ Rock Garden ကျွန်းအထိ ၁၂၆ ပေ၊ ဗိုလ်ချုပ်ပန်းခြံမှ ဘဲဥပုံလမ်းလျှောက်တံတားအထိ ပေ ၇၀ စုစုပေါင်းတံတားအရှည် ၇၃၀၇ ပေရှိကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်တော်ကြီး သဘာဝဥယျာဉ် ငါးပြတိုက်ဟောင်း ကျွန်းတွင် အများပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်နေမှု၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျွန်းပေါ်ရှိပန်းပင်များကို ပုံသွင်းအလှဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဌာနမှူး ဦးကိုကိုလင်းမှ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# ကချင်ပြည်နယ်၌ လယ်ယာမြေ ပုံစံ-၇ များ စိစစ်ထုတ်ပေးလျက်ရှိ

မြစ်ကြီးနား ဇွန် ၂၄




ကချင်ပြည်နယ်အတွင်းရှိလယ်ယာမြေများကို နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ဦးတည်ရည်ရွယ်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း ဇွန် ၂၂ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြုလုပ်သည့် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၂) တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံနှင့် မိမိတို့ ပြည်နယ်၏ အသက်သွေးကြောဖြစ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုသည် အရေးပါသည့် အခန်းကဏ္ဍတစ်ခု ဖြစ်ကြောင်း၊ ပြည်နယ်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးချဲ့စိုက်ပျိုးရန်အတွက် မြေလွတ် မြေရိုင်းများသည်လည်း ဧကသန်းပေါင်းများစွာ ကျန်ရှိနေကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုနိုင်ရေး ပုံစံ - ၇ များကို စိစစ်ထုတ်ပေးနေသကဲ့သို့ နိုင်ငံတော်နှင့် ဒေသအကျိုးအတွက် အခြားနည်းအသုံးပြုခွင့်များကိုလည်း ဥပဒေနှင့်အညီ စိစစ်ပယ်ဖျက် ဆောင်ရွက်ပေးရသည့် ကိစ္စရပ်များလည်း ရှိကြောင်း၊ သို့ဖြစ်ပါ၍ ယနေ့အစည်းအဝေးတွင် လယ်မြေများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အဖွဲ့အတွင်းရေးမှူး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသန်းမြင့်က လယ်မြေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားလာမှု၊ လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုများနှင့် ပုံစံ-၇ ပျက်စီး/ပျောက်ဆုံး လျှောက်ထားတင်ပြလာသည့် လုပ်ငန်းစာတွဲများကို စိစစ်ရှင်းလင်းတင်ပြကာ အဖွဲ့က သဘောထားမှတ်ချက်ပြု၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြရန် ကိစ္စရပ်များနှင့် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် ဆုံးဖြတ်ချက်ချမှတ်ပေးရမည့် ကိစ္စရပ်များအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီဖြစ်စေရေး ဆွေးနွေးဆောင်ရွက်ခဲ့သည်။

ကချင်ပြည်နယ် အတွင်း အသားတင်စိုက်ပျိုးမြေ ဧက ခုနစ်သိန်းကျော်၊လုပ်မြေဧကတစ်သိန်းကျော်၊ ကိုင်းဝိုင်း/ ကိုင်းပြင်ကာကွယ်တော မြေဧက ၇၄ သိန်းကျော်၊ တောရိုင်းမြေဧက ၅၉ သိန်းကျော်၊ မြေရိုင်းဧက ၅၆ သိန်းကျော်နှင့် အခြားမြေဧကသိန်း ၂၀ ကျော်ရှိပြီး စုစုပေါင်းအသုံးချမှုဧရိယာမှာ ဧက ၂၂ သိန်းကျော်ရှိကြောင်း အဆိုပါ အစည်းအဝေးမှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# လှိုင်ကော်မြို့၌ တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုး

လှိုင်ကော် ဇွန် ၂၄

ကယားပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးပြီး မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အဖြစ် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် လှိုင်ကော်မြို့နယ် ရေနီကန်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် တောင်သူများ၏ မြေ ဝ ဒသမ ၁ ဧကတွင် နေပီယာ(တေကူယန်) မြက်မျိုးနှင့် နေပီယာ (ပတ်ချောင်) မြက်မျိုးများကို ဇွန် ၂၂ ရက်က စိုက်ပျိုးခဲ့သည်။ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးရုံးအနေဖြင့်လည်း မွေးမြူရေးတောင်သူများသို့ နေပီယာ (တေကူယန်) မြက်မျိုးနှင့် နေပီယာ (ပတ်ချောင်) မြက်မျိုးများ စိုက်ပျိုးနိုင်ရန် ထပ်မံဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။ ပြည်နယ် (ပြန်/ဆက်)

# ပေါင်မြို့နယ်၌ တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ခင်းပြသ

ပေါင် ဇွန် ၂၄

ပေါင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာ နေပီယာမြက်စိုက်ပျိုးခြင်း သရုပ်ပြစိုက်ခင်းပြပွဲကို ဇွန် ၂၃ ရက်က ပေါင်မြို့နယ် ကျခတ်ငူကျေးရွာရှိ တောင်သူဦးဇော်လွင်၏ မြေ ဝ ဒသမ ၅ ဧက၌ ကျင်းပရာ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနီနီမော် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မွေးမြူရေးလုပ်ကိုင်ကြသူများ တက်ရောက်စိုက်ပျိုးကြသည်။

မြို့နယ်အတွင်းရှိ ကျွဲ၊ နွား၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများသို့လည်း နေပီယာမြက် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်က ပြောကြားသည်။ **မွန်မလေး(ပြန်/ဆက်)**

# ပုသိမ်မြို့၌ တိရစ္ဆာန်အစာပင် နေပီယာမြက် သရုပ်ပြစိုက်ခင်း ကွင်းဆင်းကြည့်ရှု

**ပုသိမ် ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေး တောင်သူများ ပူးပေါင်း၍ ကျွဲ၊ နွား တိရစ္ဆာန်မွေးမြူသည့် တောင်သူများအနေဖြင့် အာဟာရပြည့်ဝသော အစာပင်များ စိုက်ပျိုးကျွေးမွေးနိုင်ရေးအတွက် သရုပ်ပြတိရစ္ဆာန်အစာ စိုက်ခင်းများကို စိုက်ပျိုးလျက်ရှိရာ ဇွန် ၂၃ ရက်က ဇောခိမြိုင်ရပ်ကွက် နွားမွေးမြူရေးခြံအတွင်း မွေးမြူရေး တောင်သူဦးဌေးလှိုင် စိုက်ပျိုးထားသော နေပီယာမြက်စိုက်ခင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝေသန်း ဦးဆောင်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာသိန်းဆွေဦးနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်ပြာရွှေတို့က ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်းဖြင့် အစာရှားပါးချိန်တွင် အာဟာရကြွယ်ဝသော တိရစ္ဆာန်အစာအဖြစ် ကျွေးမွေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ခရိုင် (ပြန်/ဆက်)



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇွန် ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရန်ကင်းတောရကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ တောင်ဖီလာတောရ စာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ မော်တောင်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ဓမ္မဒူရဘာသန္တရကောလိပ်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ မြသိန်းတန်မြတ်စွာဘုရားကြီး ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။


**သတင်းစဉ်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ပုသိမ်မြေ)၊ မြေကွက်အမှတ်(၁၈၂)၊ ဧရိယာ(၂၅'×၅၀')-(၁၂၅၀)စတုရန်းပေ-(၀.၀၂၈) ကေမြေကွက်တည်နေရာအမှတ်(၁၈၂)(ဇ)လမ်း ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးစူးခရမ်း(ခ)ရာမေ့စ်(၁၂/ဗတထ(နိုင်)၀၂၃၄၇၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးစူးခရမ်း(ခ)ရာမေ့စ်ကွယ်လွန်သဖြင့် NITA BEN(၁၂/ဗတထ(ပြု)၀၀၀၂၉၉)မှ တစ်ဦးတည်းသော ဖနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်-ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇-ရက်)အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**



## (၉၄)ကြိမ်မြောက် ဝါဆိုခြင်းလုံး အလှူခတ်ပွဲတော်တွင် ခြင်းအသင်းပေါင်း ၃၀၀ ကျော် ပါဝင်ခတ်ကစားသွားမည်

**မန္တလေး ဇွန် ၂၄**

မဟာမုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် (၉၄)ကြိမ်မြောက် ဝါဆိုခြင်းလုံးအလှူခတ်ပွဲတော်ကို ဇွန် ၂၈ ရက်မှစတင်ကျင်းပသွားမည်ဖြစ်ပြီး ခြင်းအသင်းပေါင်း ၃၀၄ သင်း ပါဝင်ခတ်ကစားသွားမည်ဖြစ်ကြောင်း ဝါဆိုခြင်းဆပ်ကော်မတီထံမှ သိရသည်။

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရိုးရာ ခြင်းခတ်ပညာအားကစားကို မြတ်မြတ်နိုးနိုးတန်ဖိုးထားစေရန်၊ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနည်း မတိမ်ကောမပပျောက်အောင် ထိန်းသိမ်းရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

''အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက် ကျင်းပလာခဲ့တာ (၉၄) ကြိမ် ရှိလာပါပြီ။ မြန်မာတစ်နိုင်ငံလုံးက ခြင်းဝါသနာရှင်တွေ ပါဝင်ခတ်ကစားပူဇော်သွားကြမှာပါ။ နယ်အသင်းအဖွဲ့နဲ့ မြို့တော်အသင်းအဖွဲ့ အုပ်စုနှစ်စုခွဲပြီး မဲပေါက်တဲ့အသင်းတွေက ခတ်ကစားပူဇော်ခွင့်ရမှာပါ။ အစဉ်အလာအရ ကဆုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်ကျော် ၁ ရက်အထိ နှစ်လတိတိ ကျင်းပခဲ့သော်လည်း ကိုဗစ်ရောဂါကြောင့် နှစ်နှစ် ခတ်ကစားပူဇော်ခွင့် ရပ်နားထားခဲ့ရပါတယ်။ ဒီနှစ်မှာ ပြန်လည်ခတ်ကစားတဲ့အခါ အများပြည်သူဝါသနာရှင်များ ပါဝင်နိုင်ဖို့ နှစ်လအစား ၁၆ ရက်ပဲ ကျင်းပရတဲ့အတွက် မဲစနစ်နဲ့ စီစဉ်ဆောင်ရွက်ပြီး မဲပေါက်သူတွေသာ ခတ်ကစားပူဇော်ခွင့်ပြုဖို့ ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်နဲ့ စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အင်းဝမြေဝိုင်းသဘင်ကိုလည်း ထည့်သွင်းသွားမှာပါ။ ဝါဆိုခြင်းလုံးအလှူခတ်ပွဲတော်ကြီးဟာ ကမ္ဘာ့နိုင်ငံတွေအထိ ထင်ပေါ်ကျော်ကြားခဲ့ပါတယ်။ စေတနာကုသိုလ်ရှင်တွေ အနေနဲ့ ပွဲတော်မှာ ပါဝင်ထည့်ဝင်လှူဒါန်းနိုင်ဖို့လည်း ဖိတ်ခေါ်ပါတယ်''ဟု မဟာမုနိဘုရားကြီး ဝါဆိုခြင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က ပြောသည်။

ဝါဆိုခြင်းလုံးအလှူခတ်ပွဲတော်ကို ဇူလိုင် ၁၃ ရက်အထိ ၁၆ ရက်တိုင်တိုင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တစ်ရက်လျှင် ခြင်းအသင်း ၂၀ ခတ်ကစားပြသွားမည်ဖြစ်ကြောင်း၊ အင်းဝ မြန်မာအက သင်တန်းကျောင်းမှ မြေဝိုင်းအကဖြင့်လည်း စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၁၁ နာရီတွင် တစ်ကြိမ်၊ ညနေ ၃ နာရီတွင်တစ်ကြိမ် ထည့်သွင်း ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ကုသိုလ်ယူ လှူဒါန်းလိုပါက ၀၉-၄၄၄၀၄၄၄၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

၇။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ နိုင်ငံ့ဝန်ထမ်းသွားဘက်ဆိုင်ရာဆရာဝန်များသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ်-၁၀၀၀၀/- (တစ်သောင်းကျပ်တိတိ)ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်(၂) အောင်မြေသာစံမြို့နယ်၊ မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်၊ MD-288(MD-012887) သို့ပေးသွင်းရမည်။

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(၂)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးငွေစာရင်းအမှတ် ၊MD-288(MD-012887)သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ရောက်ခွင့်ရ စာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ ဘွဲ့လွန်ဘာသာရပ်တစ်ခုချင်းအလိုက်၊ တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေ သတ်မှတ်ချက်ကို ဘာသာရပ်အလိုက် အများဆုံးလက်ခံသင်ကြားပေးနိုင်မည့်ဦးရေအဖြစ် ဤတက္ကသိုလ် Website မှ ကြေညာပေးမည်။ အများဆုံးလက်ခံ သင်ကြားပေးနိုင်မည့်ဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ် ပြည့်မီခြင်းမရှိက ရွေးချယ်မည်မဟုတ်ပါ။

၁၂။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး၏ Website:http://www. udmmandalay.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊မန္တလေး၏ ဘွဲ့လွန်/စာမေးပွဲဌာန၊ ဖုန်း-၀၂-၄၀၈၀၇၃၅၊ ၀၂-၄၀၈၀၇၃၆၊ ၀၂-၂၈၄၇၈၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး**

## ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အေးစေတီရပ်၊ အကွက်အမှတ် (၂၁)ခတက်ပင်၊ ဦးပိုင်အမှတ်-၃၅(က)၊ မြေကွက် အမှတ်-၇၈၊ မြေဧရိယာ ၀ ဒသမ ၀၄၈ ဧကရှိမြေကွက်အား ဦးဝင်းကျော်အမည်ဖြင့် သက်တမ်းတိုးအမည်ပြောင်း ဂရန်လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်လိုပါက ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက သက်တမ်းတိုး၊ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

| ဖခင် အမည်မှန် | တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ အထက(ကြိမ်တောမြောင်) Grade 10 မှ မောင်ဥာဏ်ထူးလင်း၏ ဖခင်အမည်မှန်မှာ ဦးစိုး ၇/ထတပ(နိုင်)၀၆၁၃၇၃ ဖြစ်ပါကြောင်း။ |
|---|---|

## သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၄)၊ သီရိမင်္ဂလာရပ်ကွက်နေ (ဦးရဲနိုင်ထွန်း)-ဒေါ်ဥမ္မာမြင့် တို့၏သား မောင်စွမ်းရဲရင့်နိုင် (ခ) မောင်စွမ်းရည်ထက် (မှတ်ပုံတင်မပြုလုပ်ရသေး)သည် မိဘနှစ်ပါးနှင့် ဆွေမျိုးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်ဥမ္မာမြင့်**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ မြင်းခြံ အခြေခံ ပညာအလယ်တန်းကျောင်း Grade-9 မှ မောင်ဇင်မျိုးဦး၏ဖခင် ဦးကျော်မျိုးလှိုင် ၏ အမည်မှန်မှာ ဦးကျော်မျိုးနိုင် ၉/ရမသ(နိုင်)၁၀၈၄၃၉ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇင်မျိုးဦး ၈/တတက(နိုင်)၂၄၄၅၉၃၁၏ နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ကျော်မိုး ၈/မလန(နိုင်)၁၂၃၃၀၈၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်မ မဇင်မာ ၈/တတက(နိုင်)၂၂၈၀၀၇၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်တော် မသဉ္ဇာဝင်း ၈/တတက(နိုင်)၂၂၁၆၆၈၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်မျိုးအောင် ၈/မလန(နိုင်)၀၉၂၃၄၈၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့၊
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ရှိ ဆေးရုံနှင့် အခြားအဆောက်အအုံများအား လုံခြုံမှုရှိစေရန်အတွက် ပုဂ္ဂလိကလုံခြုံရေး ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပုဂ္ဂလိကလုံခြုံရေးလုပ်ငန်းဆောင်ရွက်ခွင့် တရားဝင်မှတ်ပုံတင်လိုင်စင်ရှိသော ကုမ္ပဏီများအနေဖြင့် လျှောက်ထားလုပ်ကိုင်လိုပါက မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့သို့ အောက်ဖော်ပြပါအစီအစဉ်အတိုင်း လျှောက်လွှာများ ဝယ်ယူလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၇-၆-၂၀၂၂ရက်(တနင်္လာနေ့)
**တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့၊
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၀-၇-၂၀၂၂ရက်(တနင်္ဂနွေနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး ရုံးခန်း၊ မကွေးမြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်ရွေးချယ်ရေးကော်မတီ**
**တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊**
**မကွေးမြို့၊ ဖုန်း-၀၆၃-၂၀၂၆၀၂၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃၄)၊ လူနေရပ်ကွက်အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၃၂၈)ဟုခေါ်တွင်သော မြေအလျား ပေ၄၀ x အနံ ပေ၆၀ မြေချပါမစ်တွင် ဒေါ်ခင်ခင်မာ(ခ)ကယ်တီ မြေအမည်ပေါက်ဖြစ်ပြီး မြေနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန္တာညွန့် ၅/တဆန (နိုင်)၀၇၃၃၅၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ယမင်းထွန်း ၇/ပမန(နိုင်)၀၀၁၀၇၀မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယမင်းထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်စုစုအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၃၅၁/၁၃-၉-၂၀၁၂)** | **(စဉ်-၁၃၄၉၈/၁၂-၁၀-၂၀၁၇)** |

**အမှတ်(၉၉၉)၊သစ္စာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၉

| | | |
|---|---|---|
| ဒေါ်ခင်ပို | နှင့် | ၁။ ဗိုလ်မှူးမောင်ဆန်း<br>၂။ ဒေါ်စောစန္ဒာသက် |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်(ဘ-၂)နေ ဗိုလ်မှူးမောင်ဆန်း (ယခုနေရပ်လိပ်စာမသိ)နှင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း-၇၀၊ ၂၉x၃၀လမ်းကြား၊ အခန်းအမှတ် -၂၃ နေ ဒေါ်စောစန္ဒာသက်(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ပိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်(၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးလှိုင်)
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ပတ်စ်ပို့စာအုပ်ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော် မောင်ရန်လင်းအောင် ၉/ခအဇ(နိုင်)၀၅၀၄၁၃၏ နိုင်ငံကူး လက်မှတ်အမှတ် (MD-117882) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၂၀၀၄၄၅၀

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖြိုး ၁၄/ဇလန(နိုင်)၁၉၆၀၅၂၏ နိုင်ငံကူးလက်မှတ် အမှတ် No (ME-614565)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၅၃၉၂၁၄

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်မျိုးသန်း ၁၄/ဇလန(နိုင်)၁၂၇၅၅၃၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၄၉၈၄၆၅၄

## တဝွထိန်သာစိန်၏
## "သမိုင်းထဲမှ အနောက်ရခိုင်သားများ"

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(ခွဲ)၊ အလက(၁)၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်အာကာစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးသက်လှိုင် ၁၂/မဘန(နိုင်)၁၁၁၄၆၆ ဖြစ်ပါသည်။

ဦးစိုးသက်လှိုင်

## မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ခွာညိုလမ်း၊ အိမ်အမှတ်(၂၁) နေ (ဘ) ဦးကျော်ဆွေ၏သမီးဖြစ်သူ မစုစန္ဒီဆွေ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၇-၁၉၉၇ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/12366 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/1433 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၅)၊ အကွက် အမည် ပုဏ္ဏားစုကွင်း၊ ဦးပိုင်အမှတ်(၂/င)၊ ဧရိယာ ၀ ဒသမ ၀၆၁ဧကရှိ မြေကို (ဘိုးဘပိုင် အမည်ပြောင်း)ပေးရန် ဒေါ်စောကလျာမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ် ဇူလိုင် ၂၂ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစီးအရာရှိ**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၅)၊ အကွက်အမည် ပုဏ္ဏားစုကွင်း၊ ဦးပိုင်အမှတ်(၂/ဃ)၊ ဧရိယာ ၀ ဒသမ ၁၂၁ဧကရှိ မြေကို (ဘိုးဘပိုင် အမည်ပြောင်း)ပေးရန် ဒေါ်ယုယုခင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ်ဇူလိုင် ၂၂ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစီးအရာရှိ**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆/အရှေ့)ရပ်ကွက်၊ အောင်သုခ(၂၀)လမ်း၊ တိုက်ကို မျက်နှာမူလျှင်(ယာ)၊ (၂)ခန်းတွဲ၊ (RC) ၆ထပ်တိုက် အဆောက်အအုံ၏ စတုတ္ထထပ်၊ (၅)လွှာ၊ အမှတ် (၁၁၂၃)၊ ဧရိယာ ၁၀၂၆ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မြင့်မြင့်နိုင် ၁၂/ကတတ (နိုင်)၀၁၉၄၆၅ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ပန်းအိသူဇာ ၁၂/သလန (နိုင်)၁၄၃၁၉၄က အပြီးအပြတ် ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ပန်းအိသူဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၅)လမ်းနှင့်ပေါ်ဆန်းမွှေးလမ်းထောင့်၊ တိုက်ကိုမျက်နှာမူလျှင် (ယာ)၊ ၂ ခန်းတွဲRC (၆)ထပ် တိုက်အဆောက်အအုံ၏ ပထမထပ်၊ အမှတ်(၁၉၆)၊ ဧရိယာ ၄၈၄ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မိုးသီတာဝင်း ၁၄/ဒဒရ(နိုင်) ၁၄၅၆၉၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေပိုင်စိုး ၁၂/ကမတ(နိုင်)၀၆၇၉၉၇ က အပြီးအပြတ် ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေပိုင်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ဒေါ်ယဉ်ဝေဦး (ဘ)ဦးညွန့်ဝေ ၉/ခအဇ(နိုင်)၀၀၁၈၉၄ နှင့် အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံ/တောင်၊ ရောထွန်း(၁)၊ (ဆ)ရပ်ကွက်၊ ဦးပိုင်(စ/၆၈)၊ မြေဧရိယာ အရှေ့အနောက် (၇၀)ပေ၊ တောင်မြောက် (၂၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် အဆောက်အအုံ၊ ရေ၊ မီးအစုံ အပါအဝင် မြေကွက်မှာ ဒုတိယဗိုလ်မှူးကြီးသန်းညွန့် ဂရန်အမည်ပေါက်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အဆင့်ဆင့်လွှဲပြောင်း၍ ဦးညွန့်ဝေက ပြန်လည်ဝယ်ယူထားသော မြေကွက်ဖြစ်ပါသည်။ ၎င်းသေဆုံးပြီးနောက် သမီးဖြစ်သူ ဒေါ်ယဉ်ဝေဦး အမွေဆက်ခံ ပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်လတ်က စရန်ငွေ တချို့တစ်ဝက် ပေးချေထားပြီး မြေကွက်အား ဝယ်ယူထားပြီးဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေက ရောင်းကြေးကျန်ငွေအား သတ်မှတ်ရက်မတိုင်မီပေးချေရန် ဖုန်းဆက်၍သော်လည်းကောင်း၊ လူကိုယ်တိုင် နေအိမ်သို့လည်းကောင်း သွားရောက်စုံစမ်းသော်လည်း အဆိုပါရောင်းချသော နေအိမ်၏ အိမ်တံခါးများပိတ်၍ ၎င်းတို့ မနေထိုင်တော့သည်ကို သိရှိခဲ့ရပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်လတ်က အဆိုပြုရောင်းချသူ ဒေါ်ယဉ်ဝေဦးထံ ရောင်းကြေးကျန်ငွေများပေးချေပြီး မြေကွက်အား လက်ရောက်ပေးအပ်စေရန်အတွက် ယခုသတင်းစာကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး လက်ရောက်ပေးအပ်စေရန်နှင့် အကယ်၍ သတ်မှတ်ရက်ရောက်သည့်နေ့အထိ လူကြီးမင်း ဒေါ်ယဉ်ဝေဦးက အရောင်းအဝယ်ကိစ္စအား ပြီးပြတ်အောင် ဆောင်ရွက်ပေးခြင်းမရှိပါက နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မြေကွက်ရောင်းချသူ ဒေါ်ယဉ်ဝေဦးနှင့် အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်ဇော်လတ်(ဘ)ဦးစိုးတင့်** | **ဦးဇော်မင်းဦး(LL.B)** |
| **၉/ခမစ(နိုင်)၀၁၃၂၄၅** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၄၅)** |
| **အကွက်(၄၆၅)၊ သာယာကုန်းရပ်၊** | **အကွက်(၃၈၄)၊ အရာတော်ရပ်၊** |
| **သံ/တောင်၊** | **သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊** |
| **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့** | **မန္တလေးမြို့။ ၀၉-၉၁၀၁၃၈၄၀၊** |
| | **၀၉-၃၃၃၀၄၃၉၂** |

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ စည်ပင်ရုံးဝင်းနေ ဒေါ်မြင့်မြင့်သူ(ဘ) ဦးအောင်ဆန်း ၉/မရမ(နိုင်)၀၀၇၈၄၀မှ ၁၆-၁၀-၂၀၀၇ရက်တွင် ပြင်ဦးလွင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၃၈/၂၀၀၇)ဖြင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာရပ်၊ အမှတ်(ယ- ၁၃၇ )နေ ဒေါ်စိန်မိ (ဘ) ဦးမှတ်တင် ၅/ရဘန(နိုင်)၁၂၁၂၀၀အား လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာကို ဒေါ်စိန်မိမှ ရုံးသို့ မလာရောက်နိုင်ပါသဖြင့် လွှဲအပ်သူ ဒေါ်မြင့်မြင့်သူက ပြင်ဦးလွင်မြို့နယ်စာချုပ်စာတမ်းရုံးသို့ တစ်ဖက်သတ် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်သူ ၉/မရမ(နိုင်) ၀၀၇၈၄၀**
**ငွေပိုးအိမ်တည်းခိုခန်း၊ ရတနာလမ်း၊ ရပ်ကွက်ကြီး (၁၀)၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဂုံပွားရပ်ကွက်၊ ရဲမွန်တောင်ရပ်ကွက်၊ အမှတ်(၁)၊၃၅x၅၉ ဘီထောင့်နေ (ဘ)ဦးထွန်းဝေ(ခ)ဦးထွန်းငွေ၏သမီး ဒေါ်သိန်းလှ ၉/ပသက(နိုင်)၀၁၀၄၁၅မှ ဦးလူအေးနှင့် မစိမ့်စိမ့်ထွန်း(ခ)အငယ်မတို့အပေါ်တွင် ၁၉၆၀ပြည့်နှစ် ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ-၁၂(၁)(က) (ပထမပိုဒ်)အရ မြေငှားအား နှင်ထုတ်ပေးစေလိုမှုအဖြစ် တရားစွဲဆိုနိုင်ရန်အတွက် ၎င်း၏ကိုယ်စား ဆောင်ရွက်နိုင်ပါရန် ဦးနိုင်ထွေး(ဘ)ဦးစိန်ထွေး၉/ပသက(နိုင်)၀၁၀၄၁၁အား အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၉/၂၀၁၉) ဖြင့် ၃၀-၄-၂၀၁၉ရက်က ကိုယ်စားလှယ် လွှဲစာလွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါအဆိုပါအမှုမှာပြီးဆုံးသွားပြီဖြစ်ပါသဖြင့် အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာမှာ ဆက်လက်ဆောင်ရွက်ရန်ဆန္ဒမရှိတော့ပါသဖြင့် ယနေ့မှစ၍ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးအကြောင်းကြားပါသည်။

ကြေညာသူ-
ဒေါ်သိန်းလှ
၉/ပသက(နိုင်)၀၁၀၄၁၅
ရဲမွန်တောင်၊ မဟာအောင်မြေမန္တလေး

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9B/7262 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်းထွန်း ၉/မထလ(နိုင်)၂၉၅၁၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၂၈၄၆၅ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချမ်းမြေ့ ၉/ခအဇ(နိုင်)၀၃၃၆၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/3588 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/78344 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းဦး ၉/မဟမ(နိုင်)၀၀၉၀၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၀ ပြည့်နှစ် တရားမပြင်ဆင်မှုအမှတ် - ၁၃

| | | |
|---|---|---|
| ဒေါ်စန္ဒာဝင်း | **နှင့်** | ဒေါ်နွယ်နီအောင် ပါ-၃ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |
| **တရားလို** | | **တရားပြိုင်များ** |

လျှောက်ထားခံရသူ ၂။ဦးနိုင်ဇော်ဝင်း(ဘ)ဦးတင်ဝင်း အကွက်(၅၀၅)၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်စန္ဒာဝင်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၅၄၃/၂၀၁၈ တွင် (၄-၁၂-၂၀၁၉)ရက်စွဲပါ စီရင်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် ဆင်များရှင်ကွင်း၊ ဦးပိုင်အမှတ်(၂/ခ-၇)၊ ဧရိယာ ၀ ဒသမ ၆၂၉ဧကရှိ မြေကို (ဘိုးဘပိုင် အမည်ပြောင်း)ပေးရန် ဦးစောလှမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ် ဇူလိုင် ၂၂ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစီးအရာရှိ**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် ဆင်များရှင်ကွင်း၊ ဦးပိုင်အမှတ်(၂/ခ-၅၊ ၃/၉)၊ ဧရိယာ ၀ ဒသမ ၆၂၄ဧကရှိ မြေကို (ဘိုးဘပိုင် အမည်ပြောင်း)ပေးရန် ဦးစောလှမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ် ဇူလိုင် ၂၂ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက် ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစီးအရာရှိ**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/7315 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/7684 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## အများသိစေရန်အသိပေးကြေညာခြင်း

Sincerity Confidence Prosperity Total Myanmar Co. Ltd အသေးစားငွေရေးကြေးရေးလုပ်ငန်းသည် အသေးစားငွေရေးကြေးရေးကြီးကြပ်မှုကော်မတီမှ လိုင်စင်အမှတ် ၀၂၃၁/၂၀၁၆(အမြဲတမ်း)ဖြင့် ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၀ ရက်တွင် လိုင်စင်ရယူပြီး ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်တွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။

ယခုအခါ Sincerity Confidence Prosperity Total Myanmar Co. Ltd; သည် Marcus & Associates Limited နှင့် (Joint Venture) ပြုလုပ်၍ Marcus Microfinance Limited အမည်ဖြင့် လိုင်စင်ရယူရန် စီစဉ်လျက်ရှိပါသောကြောင့် လက်ရှိ Sincerity Confidence Prosperity Total Myanmar Co.,Ltd Microfinance အသေးစားငွေရေးကြေးရေးလုပ်ငန်း၏ ရပိုင်ခွင့်၊ ပိုင်ဆိုင်ပစ္စည်းများနှင့် ဝန်ထမ်းရေးရာ လုပ်ငန်းစဉ်အားလုံးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ရက်တွင် လွှဲပြောင်းမည်ဖြစ်ပြီး အသေးစားငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ခြင်းကို မူလအတိုင်း အပြောင်းအလဲတစ်စုံတစ်ရာမရှိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ အသင်းသားများမှ မြီစား၊ မြီရှင်၊ ရရန်၊ ပေးရန်နှင့် ပတ်သက်၍ Sincerity Confidence Prosperity Total Myanmar Co.,Ltd. အဖွဲ့အစည်းကို ဆက်သွယ်ဆောင်ရွက်ရန်ရှိပါက အောက်ဖော်ပြပါ ရုံးလိပ်စာအတိုင်း ၂၀၂၂ခုနှစ် ဇူလိုင် ၃၀ရက်အထိ လွှဲပြောင်းမှုကာလအတွင်း နောက်ဆုံးထား ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဦးလှနိုင်ဦး (MD)**
**ဦးကျော်မင်းဦး(General Manager)**
**အမှတ်-၁၈/ဘီ-၁၊ မြစံပယ်လမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၇)၊ ကုန်းဖောက်ကွင်း၊ ဦးပိုင်အမှတ်(၁၆၆၀)၊ မြေဧရိယာ၅ ဒသမ ၀၀ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် (၁၁၉/၂၀၁၃-၂၀၁၄)အရ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် အမည်ဖြင့်ရရှိခဲ့ပြီး ၎င်းဧရိယာအနက်မှ (ဆ)အမှတ်ပြ မြေဧရိယာ ၀ ဒသမ ၀၇ ဧကရှိ မြေကွက်အား မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ကိုယ်စား) မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၀၇/၂၀၂၀) ဖြင့် ဒေါ်နီလာထွန်း၊ ဒေါ်နီနီဝင်းတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (ခွဲစိတ်/အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်နီလာထွန်း ၆/မမန (နိုင်)၁၃၇၆၃၇၊ ဒေါ်နီနီဝင်း ၆/မအရ(နိုင်)၀၉၄၅၆၇ တို့မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## အများပြည်သူသို့ သိရှိစေရန်ကြေညာချက်

၁။ ကျွန်ုပ်၏အမှုသည်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ဇောင်ဂျမ်းကုန်းကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာနေ(ဘ)ဦးကြည်စွမ်း၏သား ဦးမျိုးညွန့် အသက်(၆၄)နှစ်၊ ဗမာ/ဗုဒ္ဓဘာသာ အလုပ်အကိုင်-အမှတ်(၁)သံချပ်ကာတပ်ရင်း၊ တပ်ကြပ်(ငြိမ်း) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/မထလ(နိုင်)၀၆၇၈၉၂ ကို ကိုင်ဆောင်သူ၏ အထူးလွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြင်းထန်စွာဖြင့် သတိပေးကြေညာအပ်ပါသည်။

၂။ ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ (၁x၂)ဦးပြုံးချိုလမ်းရှိ ကွင်းအမှတ်(၁၆)၊ အောက်ရွာကလေးရပ်၊ မြေကွက်အမှတ်(၉၁)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ ၀ ဒသမ ၀၃၄ ဧက မြို့မြေ၏ မြေစာရင်းပုံစံ (၁၀၅)၊ မြေပုံနှင့် မြေစာရင်းပုံစံ(၁၀၆) မြေရာဇဝင်များတွင် တရားဝင်အမည်ပေါက်မြေပိုင်ရှင်မှာ ဦးငွေနွယ်နှင့် ဒေါ်ရွှေပွားတို့လင်မယားဖြစ်ပြီး ၎င်းတို့ကရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာ၍ အမွေခွဲဝေပေးခဲ့ခြင်း လုံးဝမရှိသေးပါကြောင်းကြေညာအပ်ပါသည်။

၃။ အထက်ပါ တရားဝင်မြေပိုင်ရှင် ဦးငွေနွယ်နှင့် ဒေါ်ရွှေပွားတို့လင်မယား ကွယ်လွန်သောအခါတွင်လည်းကောင်း၊ ၎င်းတို့၏ကျန်ရစ်ခဲ့သော တစ်ဦးတည်းသောသမီးဒေါ်အုံကွယ်လွန်သောအခါတွင်လည်းကောင်း၊ ၎င်း ဒေါ်အုံ၏ကျန်ရစ်ခဲ့သော သားသမီးများဖြစ်ကြသော ဒေါ်အုံးမြိုင်၊ ဒေါ်ကျော့၊ ဒေါ်စိန်မေတို့ကွယ်လွန်ခဲ့သောအခါတွင်လည်းကောင်း ၎င်းတို့၏ ကျန်ရစ်ခဲ့သောသားသမီးများအားလုံးမှာ အထက်ပါအပိုဒ် (၂)တွင် ပြည့်စုံစွာဖော်ပြထားသည့် ထိုမြေအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အမွေခန်းအရ အဆင့်ဆင့်သော အမွေဆက်ခံပိုင်ဆိုင်ခြင်း အခွင့်အရေးဖြင့်ဆက်လက်၍ပိုင်ဆိုင်ကြပါကြောင်း သတိပေးကြေညာအပ်ပါသည်။

၄။ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးမျိုးညွန့်နှင့် ၎င်း၏အစ်မ ဒေါ်အေးအေးသန်း (ဘိုကလေးမြို့နယ်)တို့မှာ အထက်ပါထိုမြေပေါ်တွင် (၃)ပုံ (၁)ပုံ (သုံးပုံတစ်ပုံ)ကို အမွေဆက်ခံပိုင်ဆိုင်ခြင်းအခွင့်အရေးဖြင့် ရထိုက်ခွင့်ရှိပါကြောင်း အများပြည်သူတို့သိရှိစေရန် ကြေညာအပ်ပါသည်။

၅။ အထက်ပါထိုမြေပေါ်တွင် လက်ရှိအဖြစ်နေထိုင်လျက်ရှိနေကြသော ကိုဝင်းမော် မိသားစု၊ မမျိုးသန္တာမြင့်နှင့် ၎င်းခင်ပွန်း ကိုမင်းသိန်းထိုက်တို့ မိသားစုတို့မှာ လောလောဆယ်အခြေအနေတွင် အမွေဆက်ခံပိုင်ဆိုင်ခြင်း အခွင့်အရေး လုံးဝမရှိပါသောကြောင့် ထိုမြေပေါ်မှ ခြွင်းချက်မရှိ အေးချမ်းစွာဖြင့် ဖယ်ရှားထွက်ခွာပေးပါရန် တောင်းဆိုလိုက်သည်။

၆။ အထက်ပါထိုမြေနှင့်ပတ်သက်၍ အမွေပုံပစ္စည်းဖြစ်ပါသောကြောင့် အမွေရှင်အားလုံး၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း အဆောက်အအုံသစ်ဆောက်လုပ်ခြင်းနှင့် အခြားကျူးကျော်၍ အဆောက်အအုံဆောက်လုပ်ခြင်းများကို လုံးဝခွင့်မပြုဘဲ မပြုလုပ်ရန်တားမြစ်၍ ထပ်မံတောင်းဆိုလိုက်သည်။

၇။ အထက်ပါတောင်းဆိုချက်များအား လိုက်နာရန် ပျက်ကွက်၊ ဖောက်ဖျက်ကျူးလွန်ပါက ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးမျိုးညွန့်ဘက်က နောက်ထပ်တစ်စုံတစ်ရာ အကြောင်းမကြားတော့ဘဲ သက်ဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတော်များ၌ ရာဇဝတ်ကြောင်းအရ ရာဇသတ်ကြီးပါ ပုဒ်မများဖြင့်လည်းကောင်း၊ တရားမကြောင်းအရ တရားမကြီးမှုများဖြင့်လည်းကောင်း ပြင်းထန်ထိရောက်စွာဖြင့် တရားစွဲဆိုအရေးယူလိမ့်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆန်း**
**LL.B, D.A, Advocate**
**တရားလွှတ်တော်ရှေ့နေ(၃၂၅၉/၂၀-၈-၁၉၈၅)**
**အမှတ် (၇၀)၊ ၆x၇ ဦးပြုံးချိုလမ်း၊ ကျိုက်လတ်မြို့၊**
**ဖုန်း-၀၉-၄၀၄၉၃၇၇၆၀၊ ၀၉-၄၉၂၉၃၃၅**

## အများသိစေရန်အသိပေးကြေညာခြင်း

Sincerity Confidence Prosperity Total Myanmar Co., Ltd သည် Marcus & Associates Limited နှင့် ပူးပေါင်း၍ Marcus Microfinance Limited အမည်ဖြင့် (Joint Venture)သို့ ပြောင်းလဲရာတွင် ဒေါ်မွန်မွန်သက်သည် ဒါရိုက်တာမှ နုတ်ထွက်ပြီး Mr. Kim Sangmin နှင့် Mr.Minki Choi တို့အား ဒါရိုက်တာအဖြစ်ခန့်အပ်၍ အစုရှယ်ယာထည့်ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ယခင်ဒါရိုက်တာ** | **ယခုဒါရိုက်တာ** |
| **ဦးလှနိုင်ဦး** | **Mr. Kim Sangmin** |
| **ဒေါ်မွန်မွန်သက်** | **Mr. Minki Choi** |
| | **ဦးလှနိုင်ဦး** |

## Annotation Yangon Co.,Ltd.

**မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ**
**နောက်ဆုံးအပြီးသတ် အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ ကုမ္ပဏီ၏ စာရင်းများကို အပြီးသတ်စာရင်းရှင်းလင်း ဖျက်သိမ်းနိုင်ရန် အတွက် နောက်ဆုံးအစည်းအဝေးမှတ်တမ်းကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့ နံနက် (၁၀)နာရီ အချိန်တွင် ကုမ္ပဏီ၏ ရုံးခန်းတည်ရှိရာ အမှတ်(၄၁၁-၄၁၂)၊ ၄လွှာ၊ လှည်းတန်းစင်တာ၊ ၈ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊မြန်မာတွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်အစုရှယ်ယာရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းရှင်းလင်း ဖျက်သိမ်းစာရင်းနှင့် စာရင်းရှင်းလင်းချက်များအား တင်ပြသွားမည် ဖြစ်ပါသည်။

| | |
|---|---|
| **ဦးအောင်ကိုမော်** | **ဒေါ်ခွန်မီနိုင်** |
| **ဒါရိုက်တာ** | **စာရင်းရှင်းလင်းရေးအရာရှိ** |
| **Annotation Yangon Co.,Ltd.** | **Annotation Yangon Co.,Ltd.** |

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၇) ကုန်းဖောက်ကွင်း၊ ဦးပိုင်အမှတ်(၁၆၅၈)၊ မြေဧရိယာ ၅ ဒသမ ၀၀ဧကအား မြေငှားဂရန် အမှုတွဲအမှတ် (၁၁၇/၂၀၁၃-၂၀၁၄) အရ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် အမည်ဖြင့် ရရှိခဲ့ပြီး ၎င်းဧရိယာအနက်မှ (ဇ)အမှတ်ပြ မြေဧရိယာ ၀ ဒသမ ၀၇ ဧကရှိ မြေကွက်အား မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(ကိုယ်စား) မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၃၀၁/ ၂၀၂၀) ဖြင့် ဦးဇော်လွင်ဦး၊ ဒေါ်ချောစုခိုင်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(ခွဲစိတ်/အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ချောစုခိုင် ၆/မမန(နိုင်)၁၄၇၆၄၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ တော်ဝင်လမ်း၊ မြေကွက်အမှတ်(၉၈၃)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀'x၆၀')ပေထဲမှတရားဝင် မခွဲမစိတ်ရသေးသော မြေအလျားxအနံ(၂၀'x၆၀')ပေ မြေကွက်နှင့်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀) မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်အောင် (GPK-027162)(ကွယ်လွန်)၏သားဖြစ်သူ ဦးခင်သောင်း ၁၂/လမန(နိုင်)၁၂၄၃၉၉က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၄၉၂၃/၂၀၂၂)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နီလာစမ်း ၁၂/မဂဒ(နိုင်)၀၄၃၁၆၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ဇာဝင်း ၁၂/ဒဂတ(နိုင်)၀၄၈၇၈၀ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် စဉ်-၁၄၆၉၈**
**LL.B, D.B.L, D.M.L**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## အင်တာနက် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မမှန်မကန်ရေးသားနေသူများနှင့်တကွ အများသိစေရန်

Facebook Account များဖြစ်သော Snow Emily နှင့် Han Mon Account ပိုင်ရှင်များသည် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ကိုအောင်ရဲထက်ပိုင် ၁၂/ဥကတ(နိုင်)၁၆၄၃၇၅ နှင့် မနှင်းနှင်းရီ ၁၂/ဒဂတ(နိုင်)၁၀၄၃၅၉တို့ ဇနီးမောင်နှံနှစ်ဦး၏ ဂုဏ်သိက္ခာထိခိုက်စေသော အကြောင်းအရာများကို မမှန်မကန်ရေးသားလျက်ရှိပါသည်။ ကျွန်တော်၏မိတ်ဆွေများဖြစ်သော ဖော်ပြပါဇနီးမောင်နှံတို့သည် ၁၀-၂-၂၀၂၀ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ တရားဝင်လက်ထပ်ပြီး လူသိထင်ရှားပေါင်းသင်းနေထိုင်လျက်ရှိသည့် အကြင်လင်မယား ဖြစ်ကြပါသည်။ ၎င်းတို့သည် အိမ်ထောင်မရှိ လွတ်လပ်သူများအဖြစ် လက်ထပ်ခဲ့ကြခြင်း ဖြစ်ပါသည်။

၎င်းတို့လင်မယားသည် ယခုအခါ Genesis Education & Language Center အမည်ရှိ သင်တန်းကျောင်းကို ကောင်းသောဂုဏ်သတင်းဖြင့် သိက္ခာရှိရှိ လုပ်ကိုင်နေသူများ ဖြစ်ပါသည်။ အထက်ဖော်ပြပါ Account ပိုင်ရှင်များသည် အကြောင်းအရာအမှန်များကိုသိရှိပါလျက် လူအများထင်ယောင်ထင်မှားဖြစ်စေရန်အတွက် မမှန်မကန် ရေးသားလျက်ရှိပါသည်။ အထောက်အထားများလည်း ရှိနေပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ Account ပိုင်ရှင်များနှင့်တကွ ၎င်းတို့အား ပူးပေါင်းကူညီအားပေးနေသူများအနေဖြင့် ကျွန်တော့်မိတ်ဆွေများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် ရေးသားမှုများအား မပြုလုပ်ရန် ပြင်းထန်စွာဖြင့် သတိပေးတားမြစ်ပါသည်။ အကယ်၍ ဤကြော်ငြာပါရှိသည့်ရက်နောက်ပိုင်းတွင် ကျွန်တော်၏မိတ်ဆွေ နှစ်ဦးနှင့် စပ်လျဉ်း၍ ဖော်ပြပါအတိုင်း ရေးသားနေမှုများကို တွေ့ရှိပါက ဆက်သွယ်ရေး ဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေများအရဖြစ်စေ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း ကာယကံရှင်များနှင့် အများသိစေအပ်ပါသည်။

**ကိုအောင်ရဲထက်ပိုင်နှင့် မနှင်းနှင်းရီတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှိုင်ဘွား(LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၃၀)**
**ဖုန်း-၀၉-၈၉၂၇၅၅၀၁၂**
**အမှတ်၄၇၅၊ ပထမထပ်(ယာ)၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

## (၄၅) ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်းရွတ်ဆိုပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၂၇) ကြိမ်မြောက်ဝါဆိုဝတ်စုံလှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်ကြီး၌ ၂၈-၆-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၈:၀၀ နာရီမှ စတင်၍ အဘိဓမ္မာ (၇)ကျမ်း ရွတ်ဆိုပူဇော်ပြီး၊ ၆-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၀၀ နာရီ၌ အဘိဓမ္မာ(၇)ကျမ်း အောင်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဝါဆိုဝတ်စုံ လှူဒါန်းပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်အလှူ့အမအပေါင်းတို့ ကိုယ်တိုင်ကြွရောက်ကြည်ညိုကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

**နာယကဆရာကြီးများ**
**ဒေါ်ဉာဏစာရီမြန်အောင်ကျောင်းတိုက်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ လူနေရပ်ကွက်အမှတ်(-)၊ စေယျာသိဒ္ဓိလမ်း၊ မြေကွက်အမှတ်(၃၀၆)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်မော်မော်ဝင်း (၁/ဗမန(နိုင်)၀၃၄၄၅၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း(၂၀ပေ× ၆၀ပေ)ရှိမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ချိုနွယ်ဦး (၁၂/မဂတ (နိုင်) ၀၄၁၂၈၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးနိုင်** | **ဦးတင်ကိုလှိုင်** |
| LL.B, D.B.L | LL.B |
| **အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂)** |

**ဖုန်း - ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၂၅၀၉၇၁၇၂၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ရာဇဓိရာဇ်လမ်းနှင့် မြတ်လေးလမ်းထောင့်၊မြေကွက်အမှတ်(၁၁၀၆)အကျယ်အဝန်း(၄၁ပေ× ၆၀ပေ)(၀.၀၅၆)ဧကရှိ ဦးဝင်းမောင်(ISO-075399)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိဘကွယ်လွန်၍အမွေဆက်ခံခွင့်အရရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဂရန်အမည်ပေါက်ပိုင်ရှင် ဦးဝင်းမောင်၏ တစ်ဦးတည်းသောသား ဦးနိုင်ဝင်းထူး (၁၂/သဃက(နိုင်)၀၃၅၀၁၂)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)**
**Ph; 09421746974**
**အမှတ်(၅၁၅)၊ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

အလက(၅) မရမ်းကုန်း၊ အဋ္ဌမတန်း (သင်ရိုးဟောင်း) တွင် ပညာသင်ယူနေသူ မဆောင်းနှင်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးဦးရွှေမင်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့နယ်၊ ညောင်နီပင်ကျေးရွာနေ ဦးရဲကျော် ၈/ပခက(နိုင်) ၁၈၂၂၇၄၄၏သား ပခုက္ကူမြို့နယ်၊ ရာပြည့်စံ (ကိုယ်ပိုင်) အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ မောင်မိုးတိမ်ယံ၏ မွေးသက္ကရာဇ် အမှန်မှာ ၅-၃-၂၀၀၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5797 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၃၇၄၂၇ Follow Me 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဘိုဘိုခန့် ၁၂/မရက(နိုင်) ၁၃၀၂၁၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## သွေးသည် အသက်

## အများသိစေရန်ကြေညာခြင်း

Myanmar Sea Dragon Trading CO., LTD ၏ လွှဲအပ် ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါကုမ္ပဏီသည် အလှကုန်ပစ္စည်းများကို ဈေးကွက်အတွင်းသို့ တင်သွင်းရောင်းချလျက်ရှိသောကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်ဟေမာအောင် ၇/အတန(နိုင်)၁၀၀၃၇၆ (sale and marketing)သည် ကုမ္ပဏီ၏ ငွေလက်ခံ ဘောင်ချာစာရင်းစာအုပ်ကို တုပပြုလုပ်ပြီး ကုမ္ပဏီမှ ဖြန့်ချိရောင်းချလျက်ရှိသော အရောင်းဆိုင်များသို့ ၎င်း၏ ကိုယ်ကျိုးအတွက် အသုံးပြုဆောင်ရွက်ခဲ့ခြင်းများကို ပြုလုပ်ခဲ့မိပါကြောင်း ၂၃-၆-၂၀၂၂ ရက်တွင် ဝန်ခံကတိပြုစာချုပ်ကို အသိသက်သေများ ရှေ့မှောက်၌ ဒေါ်ဟေမာအောင် ကိုယ်တိုင် လက်မှတ်ရေးထိုးပေးခဲ့ပြီး ဖြစ်ပါသည်။ နောက်နောင် ဒေါ်ဟေမာအောင် ပြုလုပ်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ကုမ္ပဏီမှ လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

| | |
|---|---|
| **ဦးအောင်ကျော်မြင့်(LL.B)** | **ဒေါ်သန္တာစိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၁၄၀)** |

**အမှတ်၄၇၈၊ ဓမ္မာရုံလမ်း၊ ၄၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၅၁၇၈၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ရွှေဥဒေါင်း(၂)လမ်း၊ အကွက်အမှတ်(၆၈၃)၊ မြေကွက်အမည်ပေါက်မှာ ဒေါ်မြကြည်ဖြစ်ပြီး ၎င်းမြေကွက်အား အဆင့်ဆင့်ဝယ်ယူခဲ့ရာ ယခုအခါ ကျွန်မဒေါ်စန်းစန်းအေး ၁၂/ခရန(နိုင်) ၀၈၅၂၄၀မှ ဝယ်ယူပြီးဖြစ်ပြီး ပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဂရန်ထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်းပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်စန်းစန်းအေး**
**အမှတ်(၆၈၃)၊ ရွှေဥဒေါင်း(၂)လမ်း၊ (၄၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်**
**ဖုန်း-၀၉-၇၈၆၃၁၇၈၄၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ နွယ်သာကီအိမ်ရာ၊ တိုက်-B၊ အကျယ်အဝန်း(၁၂ ၁/၂ ပေx၄၃ပေ)ရှိ (ထပ်ခိုး)ပါ အခန်းအမှတ်(၂၁၁)၊ (မြေညီထပ်)ဟုခေါ်တွင်သော နေအိမ်တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သန်းသန်းအေး ၁၂/ပဇတ(နိုင်)၀၀၁၀၁၅ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်သည့်အတွက် အဆိုပါ နေအိမ် တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မင်းမင်းစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၅၁၀၄၇၆၄၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/7872 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ် စနစ်တွင်လည်း တူညီသည့် အခွင့်အရေးများပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ရမ်းသမ်းပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီး နှစ်ဦး သေဆုံး၍ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ ဒဏ်ရာရ

နေပြည်တော် ဇွန် ၂၄

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာတွင် ဇွန် ၂၃ ရက် ည ၉ နာရီ ၁၅ မိနစ်တွင်

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖


## မြို့နယ်အချို့၌ အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးနောက်ကျကျန်မှု မဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် ဗုံးဖောက်ခွဲဖျက်ဆီးမှုများလုပ်ဆောင်

နေပြည်တော် ဇွန် ၂၄

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ၊ ပညာရေးအဆောက်အအုံများအနီး ဗုံးဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ထုံးဘိုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၊

*စာမျက်နှာ ၁၄ ကော်လံ ၁* ❒




မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ စာသင်ကျောင်းတွင် ခြိမ်းခြောက်စာတစ်စောင်တွေ့ရှိမှု။

## ၂၀၂၂ အာဆီယံ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာအသင်း အပြီးသတ်လူစာရင်းကို ယခုရက်ပိုင်းအတွင်း ထုတ်ပြန်မည်

ရန်ကုန် ဇွန် ၂၄

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် အပြီးသတ်လူစာရင်းကို ယခုရက်ပိုင်းအတွင်း ထုတ်ပြန်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြည်တွင်းခြေစမ်းပွဲများ ကစားလျက်ရှိပြီး နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇွန် ၂၅ ရက်တွင် ရွှေပြည်သာ လူငယ်အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်လျက်ရှိပြီး ယခင်က ပဏာမကစားသမား ၂၆ ဦးသာ ရွေးချယ်ထားသော်လည်း ကစားသမား လေးဦး ထပ်မံဖြည့်တင်းထားသည်။ ယင်းအသင်းကို ဒေါ်သက်သက်ဝင်းက ယာယီနည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကိုအခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။

*စာမျက်နှာ ၁၉ ကော်လံ ၃* ❍


ယနေ့ ဖတ်စရာ

ပြည်ပဈေးကွက် ပိုမိုရရှိရန် ထောပတ်တောင်သူများ ကြိုးပမ်းလာ — ကုန်သွယ်စီးပွား ပြည်တွင်းပြည်ပသတင်းများ စာ ၁၆



တနင်္သာရီရော်ဘာဈေးနှုန်းများ အနည်းငယ်မြင့်တက် — ကုန်သွယ်စီးပွား ပြည်တွင်းပြည်ပသတင်းများ စာ ၁၇

(၉၄)ကြိမ်မြောက် ဝါဆိုခြင်းလုံး အလှူခတ်ပွဲတော်တွင် ခြင်းအသင်းပေါင်း ၃၀၀ ကျော် ပါဝင်ခတ်ကစားသွားမည် — ပြည်တွင်းသတင်း စာ – ၂၁

